မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၉၅)၊ အမှတ် (၁၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်၏ ကိုယ်ရေး အကျဉ်းချုပ်



သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်

ဒေါက်တာအဗူလ် ပါကီ ဂျေနူလက်ဘ်ဒီးန် အဗ္ဗဒူလ်ကလမ်သည် ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တမီးလ်နာဒူးလ်ပြည်နယ် ရာမက်စ်ဝါရမ်မြို့၌ မွေးဖွားခဲ့ပြီး မဒရပ်စ်နည်းပညာတက္ကသိုလ်တွင် လေကြောင်း သိပ္ပံအင်ဂျင်နီယာပညာရပ်ကို အထူးပြုလေ့လာသင်ကြားခဲ့သည်။ ဒေါက်တာကလမ်သည် ၁၉၈၀ ပြည့်နှစ် ဇူလိုင်လက ရိုဟီနီးခေါ် ဂြိုဟ်တုအား ကမ္ဘာပတ်လမ်းအနီးသို့ အောင်မြင်စွာပစ်လွှတ်ပေးနိုင်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး ပြည်တွင်းလုပ်ဂြိုဟ်တုလွှတ်တင်ယာဉ်(အက်စ်အယ်လ် ဗွီ-၃) တည်ဆောက်ရေးတွင် စီမံကိန်းဒါရိုက်တာအဖြစ် အရေးပါသော ကူညီပံ့ပိုးမှုများပေးခဲ့ပြီး အိန္ဒိယနိုင်ငံအား ကမ္ဘာ့အာကာသကလပ်၏ သီးသန့်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ၎င်းသည် အိန္ဒိယအာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာအို)၏ ဂြိုဟ်တုလွှတ်တင်ယာဉ်လုပ်ငန်းအစီအစဉ် ပေါ်ထွန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ အိုင်အက်စ်အာအိုအဖွဲ့တွင် ဆယ်စုနှစ် နှစ်စုခန့်လုပ်ကိုင်ခဲ့ပြီးနောက် ဒေါက်တာကလမ်သည် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့(ဒီအာဒီအို)တွင် ပြည်တွင်းလုပ် အဝေးထိန်းဒုံးကျည်လုပ်ငန်းအစီအစဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ယင်းအစီအစဉ်၏ အမှုဆောင်အကြီးအကဲချုပ်အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ် ဇူလိုင်လမှ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလအထိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအတွင်းဝန်တို့၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနမှ တူးဖော်တွေ့ရှိရသော အင်ကြင်းကျောက်ကို ကြည့်ရှု ထီးချိုင့်-မရသိန်ရွာ ဆက်သွယ်သည့်ကားလမ်း ရာသီမရွေး အသုံးပြုနိုင်အောင် ဖောက်လုပ်ရေးမှာကြား

ရန်ကုန် မတ် ၇

ကန့်ဘလူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ ရက် နံနက် ၇ နာရီတွင် ကန့်ဘလူ တပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိလာရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူတပ်နယ် ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်၌ မျိုးစေ့ ၂၁၂၉၅၊ မျိုးကိုင်း ၁၀၀၀၀ နှင့် ပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားမှုကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်အတွင်း မျိုးစေ့၊

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့အနီးမှ တူးဖော်တွေ့ရှိခဲ့သော အင်ကြင်းကျောက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၈ ရက်)

တောင်သူလယ်သမားများ ဝင်ငွေတိုးစေမည့် ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး ပိုလျှံထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ရည်မှန်းချက်များဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် တောင်သူလယ်သမားများ ဝင်ငွေတိုးစေနိုင်မည့် သီးနှံအမျိုးအစားအသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာများ အားပေးကူညီလျက်ရှိသည်။

ယခုအခါ နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရလျက်ရှိသည့် ကော်ဖီသီးနှံကို ငါးနှစ်စီမံကိန်းဖြင့် ဧကတစ်သိန်းအထိ စိုက်ပျိုးသွားရန် စီမံကိန်းချမှတ်ပြီး ပြည်နယ်နှင့်တိုင်းများတွင် ကော်ဖီဇုန်များဖွဲ့၍ စိုက်ပျိုးလျက်ရှိသည်။ မြန်မာ့ကော်ဖီစေ့၏ အရည်အသွေးသည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော မျိုးစေ့ဖြစ်ကြောင်း တွေ့ရှိရသဖြင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် အဆင့်အတန်းမြင့်မြင့် ကမ္ဘာ့ဈေးကွက်ဝင် သီးနှံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူများအား လိုအပ်သည့်ပံ့ပိုးမှုများ ဖြည့်ဆည်း၍ အားပေးကူညီလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ကိုင်သူများ ဝင်ငွေတိုးစေရေးအတွက် တိုးချဲ့စိုက်ပျိုးသင့်သော အခြားသီးနှံတစ်မျိုးမှာ ငရုတ်ကောင်းဖြစ်သည်။ ငရုတ်ကောင်းသီးနှံသည် အဖိုးတန်ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ပြီး ကမ္ဘာ့အပူပိုင်းဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။ ငရုတ်ကောင်းပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး တစ်နှစ်ပတ်လုံး မိုးကောင်းမွန်စွာ ရွာသွန်းသောဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ ပူပြင်းခြောက်သွေ့သောဒေသဖြစ်ပါက ရေသွင်း၍စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံတွင် ငရုတ်ကောင်းသီးနှံကို ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းသည်။ ငရုတ်ကောင်းပင်များကို ကိုင်းဖြတ်မျိုးပွားနည်းဖြင့် လွယ်ကူစွာ မျိုးပွားစိုက်ပျိုးနိုင်သည်။ ငရုတ်ကောင်းသီးနှံကို စနစ်တကျစိုက်ပျိုးပါက ငရုတ်ကောင်းတစ်ပင်မှ ငရုတ်ကောင်းအစေ့ခြောက် သုံးပိဿာခန့်ထွက်ရှိသဖြင့် ငရုတ်ကောင်းတစ်ဧကလျှင် တစ်နှစ်ပျမ်းမျှ ငရုတ်ကောင်းအစေ့ခြောက် ပိဿာချိန် ၆၀၀ခန့် ထွက်ရှိနိုင်ကြောင်းသိရသည်။ လက်ရှိငရုတ်ကောင်းဈေးနှုန်းဖြင့် တွက်ချက်ကြည့်ပါက တွက်ခြေကိုက်ပြီး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်သည်။

နှစ်ရှည်ပင်ဖြစ်သော သစ်ဆိမ့်ပင်သည် ရေ၊ မြေ ဒေသမရွေး ပေါက်ရောက်ဖြစ်ထွန်းသည့် အပင်ဖြစ်ပြီး သစ်ဆိမ့်ပင်တစ်ပင်မှ တစ်နှစ်လျှင် အသီး၁၀တင်းခန့်ရရှိရာ အဆိုပါအသီးများကို ကြိတ်လျှင် ဆီခြောက်ပိဿာခန့် ရရှိနိုင်ကြောင်း သိရသည်။ တစ်ဧကလျှင် သစ်ဆိမ့်ပင် အပင်၅၀ခန့် စိုက်ပျိုးနိုင်သဖြင့် တစ်နှစ်လျှင်သစ်ဆိမ့်ပင် တစ်ဧကမှ စားသုံးဆီပိဿာ ၃၀၀ခန့် ရရှိနိုင်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သစ်ဆိမ့်ပင် သုတေသနလုပ်ငန်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းနှစ်ခုကို တစ်ပြိုင်နက် အကောင်အထည်ဖော်လျက်ရှိသည်။

ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပဲခူးတိုင်း၌ ပဲခူးခရိုင်၊ မွန်ပြည်နယ်၌ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်၊ မန္တလေးတိုင်း၌ ပြင်ဦးလွင်ခရိုင်၊ မကွေးတိုင်း၌ မင်းဘူးခရိုင်နှင့်သရက်ခရိုင်တို့တွင် ၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ငါးနှစ်အတွင်း သစ်ဆိမ့်ပင် စုစုပေါင်းဧက ၃၀၀၀၀အထိ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ သစ်ဆိမ့်ပင်စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ပြီး ပြည်တွင်း စားသုံးဆီဖူလုံရေး၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယခုအခါ ခြစ်စည်းရိုးကြက်ဆူစေ့ကို ကြိတ်၍ရရှိသော ကြက်ဆူဆီ (ဇီဝလောင်စာဆီ)သည် စက်ယန္တရားများမောင်းနှင်ရာတွင် ဒီဇယ်ဆီအစားထိုးအသုံးပြုနိုင်သဖြင့် တစ်နိုင်ငံလုံးတွင် ခြစ်စည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာဈေးကွက်ရှိသည့် ကော်ဖီသီးနှံအပါအဝင် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးရာတွင်လွယ်ကူပြီး တောင်သူလယ်သမားများအတွက် တွက်ခြေကိုက်ဝင်ငွေတိုးစေမည့် ငရုတ်ကောင်းသီးနှံ၊ဆီထွက်သီးနှံ သစ်ဆိမ့်ပင်နှင့် ခြစ်စည်းရိုးကြက်ဆူပင်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၁၅)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် မိုးညှင်းယောဂီဦးမြလွင်-ဒေါ်တင်ဝင်း၊ သားသမီး၊ မြေးမြစ်တစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားမ အထူးအယူခံမှု လေးမှုကြားနာ

ရန်ကုန် မတ် ၇

တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီက တရားရုံးချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့ ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာဒေါ်မူမူညို အမှာစကားပြောကြားစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ စိတ်ဝင်စားဖွယ် ပုလဲရတနာ (အပိုင်း-၁)
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ ပိုင်ကျုံ ရေထိန်းတံခါး
၇း၃၅ Myanmar Video Rhythm
၈း၁၅ ပြည်တွင်း သတင်းအကျဉ်း
၈း၂၅ ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း-၂)
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ မနီတို့ရွာနှင့် သစ်တော
၉း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅ Business Talk
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ မိုးလေဝသခန့်မှန်းချက်
၉း၅၅ မေးသမျှ ဖြေရအောင် (မင်းဟိန်း၊ ညွန့်ဝင်း)
၁၀း၁၀ စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ်(ဝက်သားတုတ်ထိုး)
၁၀း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ အသည်းရောင် အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၁)
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံ
၁၁း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀ ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၃၀ သံလွင်မြစ်နဒီလက်ခုပ်သံဝေစီ
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ မြန်မာ့ပုလဲလေလံပွဲ
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂း၀၀	Liverpool-Benfica	5-Sports (Live)
	Arsenal-Real Madrid	5-Movies (Live)

✡ ရှေ့ဖုံးမှ

ဒေါက်တာကလမ်သည် နည်းပညာသတင်းအချက်အလက် ကြိုတင်ခန့်မှန်းရေးနှင့် အကဲဖြတ်ရေးကောင်စီ၏ဥက္ကဋ္ဌ တာဝန်ယူစဉ်က အိန္ဒိယနိုင်ငံအား လက်ရှိဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ ဖွံ့ဖြိုးပြီးနိုင်ငံ တစ်နိုင်ငံအဆင့်သို့ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံတစ်ခုဖြစ်သော "၂၀၂၀ ပြည့်နှစ်အတွက် နည်းပညာမျှော်မှန်းချက်"(Technology Vision 2020)ခေါ် စာတမ်းတစ်ရပ်ကို ပြုစုထုတ်ဝေခဲ့သည်။

ဒေါက်တာကလမ်သည် ၁၉၉၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၁ ခုနှစ် နိုဝင်ဘာလအထိ အိန္ဒိယနိုင်ငံအစိုးရ၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ချုပ်အဖြစ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဆင့်ဖြင့် ထမ်းဆောင်ခဲ့သည်။ ဒေါက်တာကလမ်သည် အစိုးရအဖွဲ့၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးကော်မတီ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

ဒေါက်တာကလမ်သည် ချင်နိုင်းမြို့ အန်နာတက္ကသိုလ်တွင် ၂၀၀၁ ခုနှစ် နိုဝင်ဘာလမှစတင်၍ နည်းပညာနှင့် လူ့အဖွဲ့အစည်း အသွင်ပြောင်းလဲရေးဆိုင်ရာ ပါမောက္ခအဖြစ် ပညာရေးဘက်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး သင်ကြားရေးနှင့် သုတေသနလုပ်ငန်းရပ်များတွင် ပါဝင်ခဲ့သည်။ ထို့ပြင် ၎င်းသည် နိုင်ငံတစ်ဝန်းရှိ အထက်တန်းကျောင်းသူကျောင်းသားများအား တွေ့ဆုံခြင်းဖြင့် လူငယ်များအကြား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိစိတ်ဓာတ်အား နှိုးဆွပျိုးထောင်ပေးသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာကလမ်သည် အိန္ဒိယနိုင်ငံ၏ အထင်ကရ သိပ္ပံပညာရှင်အကျော်အမော်တစ်ဦးဖြစ်ပြီး တက္ကသိုလ်နှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းပေါင်း ၃၀ တို့မှ သိပ္ပံပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။ ၎င်းသည် ပညာရပ်ပိုင်းဆိုင်ရာ တက္ကသိုလ်များမှ ချီးမြှင့်သည့် ပညာသင်ဆုများနှင့် အခြားဂုဏ်ပြုဆုတံဆိပ်အများအပြားကိုလည်း လက်ခံရရှိခဲ့သည်။ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ် ကလမ်သည် လူသိများသော အရပ်ဘက်ဆိုင်ရာ ဆုတံဆိပ်များဖြစ်သည့် ပဒ္မဘူရှန်တံဆိပ်နှင့် ပဒ္မဝိဘူရှန်တံဆိပ်တို့ကို ၁၉၈၁ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တို့တွင် လည်းကောင်း၊ အမြင့်ဆုံးအရပ်ဘက်ဆိုင်ရာ တံဆိပ်ဖြစ်သည့် ဘာရပ်ရာတနာတံဆိပ်ကို ၁၉၉၇ ခုနှစ်တွင် လည်းကောင်း အသီးသီး ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။

ဒေါက်တာကလမ်သည် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ (၁၁)ကြိမ်မြောက် သမ္မတကြီးဖြစ်လာခဲ့သည်။ ၎င်းသည် အိန္ဒိယနိုင်ငံအား သက္ကရာဇ် ၂၀၂၀ တွင် ဖွံ့ဖြိုးပြီးနိုင်ငံ နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ကူးပြောင်းရေးအတွက် အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။

မဟာစည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၏ (၃၆)ကြိမ်မြောက် သာမဏေနှင့် သီလရှင် သာသနာပြုပွဲကို မတ် ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၀ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ တက်ရောက်လိုသူများ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၈–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ အရေးပြိုင်ပွဲ
၈:၂၅ ၈။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀ ၇။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၈။ မြန်မာစာ မြန်မာစကား
၁၇:၄၀ ၉။ **"အဲဒီမှာ စတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၄။ အတီးပြိုင်ပွဲ
၁၉:၁၀ ၁၅။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၂၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၄၀ ၁၇။ ရန်ကုန်–ဒဂုံတက္ကသိုလ်ရထားလမ်းသစ်နှင့် ဒဂုံတက္ကသိုလ် ဘူတာသစ်အောင်ပွဲ
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ (အပိုင်း–၂)**

တက္ကသိုလ်များသမိုင်း အထူးပြုကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအထိမ်းအမှတ် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ဗဟန်းမြို့နယ် M.3 Food Centre ၌ကျင်းပရာ နိုင်ငံတော်က ချီးမြှင့်ခဲ့သည့် လူမှုထူးချွန်(ဒုတိယဆင့်)ရရှိခဲ့သည့် Myanmar Distribution Group မန်နေဂျင်းဒါရိုက်တာ ဦးမြသိန်း (အာစရိယပူဇော်ပွဲကျင်းပရေး ကော်မတီနာယက)အား ဂုဏ်ပြုမှတ်တမ်းတံဆိပ်ချီးမြှင့်စဉ်။ (က–ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ပေးအပ်လှူဒါန်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲများတွင် ဆွမ်းဆက်ကပ်လှူဒါန်းရန် အလှူရှင် ဓာဂလမ်း (၄)ရပ်ကွက် တောင်ဥက္ကလာပမှ ဦးအောင်ဒင်မိသားစုက အလှူငွေကျပ် ရှစ်သိန်းကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေး ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးနှင့် ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲ ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် အလှူရှင်များ၏ အလှူတော်ငွေများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၇

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင္ဃသမအစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားများတွင် ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် အလှူရှင်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများနှင့် အကျိုးတော်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဂုဏ်ပြုလွှာ

ယင်းနောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဦးလှအေးနှင့် ကိုးပါးဆေးမိသားစု ဝါးတန်းလမ်း လမ်းမတော်တို့က ငွေကျပ် ၁၂ သိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့အား ရည်စူးအမှူးထား၍ စန္ဒီပရဆေးမိသားစု ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းနှင့် ဦးအောင်ဒင်မိသားစု ဓာဂလမ်း (၄) ရပ်ကွက် တောင်ဥက္ကလာပတို့က ငွေကျပ်ရှစ်သိန်းစီ၊ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်နှင့် မောင်ထိန်လင်း– မမြတ်မြတ်ထွန်း ဆီဆုံလမ်း စမ်းချောင်းတို့က ငွေကျပ် ခြောက်သိန်းစီ၊ ဦးတင်ဝင်း–ဒေါ်သိန်းသိန်းဦး မိသားစု (ခရေမြိုင်လမ်း၊ သုဝဏ္ဏ)က ငွေကျပ် ငါးသိန်း၊ ဒေါ်မြင့်မြင့်သိန်းနှင့် ဒေါ်ခင်ဝင်းမြင့် ညီအစ်မတစ်စု(ပါရမီရိပ်သာနှင့် ကမ္ဘောဇလမ်း) တို့က ငွေကျပ် ၄၁၅၀၀၀၊ ဦးတင်ဝမ်–ဒေါ်လှကျင်မိသားစု (ဦးဝိစာရလမ်း၊ ဒဂုံ)က ငွေကျပ်သုံးသိန်း၊ ဒေါ်ခင်လှမိသားစု(ဆရာစံရပ်ကွက်၊ ဗဟန်း)က ငွေကျပ် ၁၅၀၀၀၀၊ ဦးလှမျိုး–ဒေါ်ခင်ဝင်းမော် မိသားစု (ဆရာစံရပ်ကွက်၊ ဗဟန်း)နှင့် ဦးမိုးသွင်–ဒေါ်နုနုရီ (အင်းလျားလမ်း) မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀၊ (ဦးစံသာကျော်)–ဒေါ်ခင်လေးချစ်မိသားစု (ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်)က ငွေကျပ် ၂၅၀၀၀၀၊ ဦးဆန်းဝင်း–ဒေါ်ရီရီဝေမိသားစု (လှိုင်ရတနာမွန်အိမ်ရာ)က ငွေကျပ် နှစ်သိန်း၊ ဦးတင်မိုး–ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း–ဒေါ်မဥ္ဇူထွန်း၊ ဦးအောင်နိုင်ထွန်း(ခ) အောင်အောင်–မစိုးစိုးအေး (၁၄၈လမ်း တာမွေ)နှင့် ဦးအေးတင်–ဒေါ်ကြူ မိသားစု(ဟာသ်မင်းစာအုပ်ချုပ်လုပ်ငန်း၊ ၁၄၁ လမ်း တာမွေ)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးကျော်ညွှန့် (ညွှန့်–အက်ဆစ်ဓာတုဗေဒလုပ်ငန်း၊အင်းလျားမြိုင်လမ်း ဗဟန်း)က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ငွေကျပ်ငါးသောင်း၊ ဗိုလ်မှူးကြီးသက်ဝေ(အငြိမ်းစား)–ဒေါ်အမာနီ(ခ) ဒေါ်မြမြဝင်း မိသားစု (ရန်အောင်လမ်းသွယ်–၃ အရှေ့ရန်ကင်း)က ငွေကျပ် ၉၇၅၀၀ နှင့် ဦးမြင့်ဦး–ဒေါ်ဘုတ်မိသားစု (တောင်ဥက္ကလာပ ဂေါက်ကွင်း)က ကိုယ်တိုင်ချက်ကပ် ဆွမ်းအလှူ အပါအဝင် ငွေကျပ် ၇၇၁၂၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချ

ထို့နောက် ညောင်တုန်း ဆရာတော်ထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာ သတင်းများ

အနာဂတ်တွင် အာဖရိကတိုက်၌ ပိုမိုမိုးခေါင်လာနိုင် ဂျော့ချ်တောင်း တက္ကသိုလ်မှ ပညာရှင်များသတိပေး

မိုးခေါင်မှုကြောင့် အာဖရိကတွင် ရေအခက်အခဲ ကြုံတွေ့နေရစဉ်။

ကိတ်တောင်း မတ် ၇

တစ်ကမ္ဘာလုံး ပူနွေးလာမှုကြောင့် ရာစုနှစ်ကုန်တွင် အာဖရိကတိုက်အနေဖြင့် ပိုမိုမိုးခေါင်ကာ လက်ရှိအခြေအနေထက် ၂၅ ရာခိုင်နှုန်း ရေနည်းရရှိနိုင်ကြောင်း တောင်အာဖရိကနိုင်ငံ ဂျော့ချ်တောင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

အထိခိုက်ဆုံးဖြစ်

သိပ္ပံဂျာနယ်တွင် ဖော်ပြသည့် သုတေသနပြုချက်က ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှု ပုံစံများပြောင်းမှုကို ပထဝီဝင် အခြေခံအကြောင်းများအရ တွေ့ရကြောင်း ရှင်းလင်းထားသည်။ တောင်ပိုင်းအာဖရိကကဲ့သို့သော တစ်စိတ်တစ်ပိုင်း ခြောက်သွေ့သည့် ဒေသများမှာ အထိခိုက်ဆုံး ဖြစ်မည်ဆို၏။

ရေမလုံလောက်မှုကြောင့် နယ်စပ် ဖြတ်စီးဆင်းရသော မြစ်များနှင့် စပ်လျဉ်း၍ ပဋိပက္ခများ ပေါ်ပေါက်စေနိုင်သည်။ တစ်နှစ်လျှင် မိုးရေချိန်မီလီမီတာ ၄၀၀ထက် နည်းသည့်ဒေသများမှ မြစ်ချောင်းများအတွင်းသို့ ရေစီးရေဝင် မရှိသလောက် ဖြစ်မည်။ သို့သော် မိုးရေချိန် မီလီမီတာ၄၀၀မှ မီလီမီတာ၁၀၀၀နှင့် အထက်ရှိသည့် ဒေသများတွင် ရေစီးရေဝင်ပိုမိုများပြားလာမည်။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အာဖရိကတိုက်မှ အစွတ်စိုဆုံး ကွန်ဂိုချိုင့်ဝှမ်းနှင့် အခြောက်သွေ့ဆုံး ဆာဟာရဒေသတို့မှာမူ များစွာမထိခိုက်ဘဲ တောင်ပိုင်းအာဖရိကနှင့် ဆာဟာဒေသကဲ့သို့သော တစ်စိတ်တစ်ပိုင်း ခြောက်သွေ့သော ဒေသများမှာ အထိခိုက်ဆုံး ဖြစ်မည်ဆို၏။ **(အင်တာနက်)**

ပါကစ္စတန်၌ တိုက်ပွဲဖြစ်ပွား လူပေါင်း ၅၀ကျော် သေဆုံး

အစ္စလမ္မာဘတ် မတ် ၇

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မျိုးနွယ်စုများရှိရာ ဒေသတွင် မျိုးနွယ်စုလက်နက်ကိုင်ပြောက်ကျားများနှင့် အစိုးရတပ်ဖွဲ့များ နှစ်ရက်ကြာတိုက်ပွဲဖြစ်ပွားရာ၌ လူ ၅၀ကျော် သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က မတ် ၅ရက်၌ ပြောကြားသည်။

သေဆုံး

အာဖဂန်နစ္စတန်နယ်စပ်ရှိ မြောက်ပိုင်းဝါဇီရီစတန်ဒေသ၌ တိုက်ပွဲဖြစ်ပွားရာတွင် လက်နက်ကိုင်ပြောက်ကျား ၄၆ဦးနှင့် တပ်ဖွဲ့ဝင်ငါးဦးသေဆုံးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ရှူကက်ဆူလ်တန်က ပြောကြားသည်။

မြောက်ပိုင်းဝါဇီရီစတန်ဒေသ၏ ဌာနချုပ်ဖြစ်သော မီရင်ရှာရှိ လက်နက်ကိုင်ပြောက်ကျားများ စောစောပိုင်းကထိန်းချုပ်ထားခဲ့သည့် အစိုးရအဆောက်အအုံများကို ယခုအခါ ဒေသခံအုပ်ချုပ်ရေးဌာနက ပြန်လည်ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ဗိုလ်ချုပ်ဆူလ်တန်က ပြောကြားသည်။

ပြောင်းရွှေ့ခဲ့

အဆိုပါဒေသတွင် စိုးရိမ်ပူပန်မှုများ ရှိနေဆဲဖြစ်သဖြင့် ဒေသခံလူများသည် လုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့ခဲ့ကြကြောင်း ၎င်းက အတည်ပြုပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာရှ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးညီလာခံ စတင်ကျင်းပ

လန်ဒန် မတ် ၇

ကမ္ဘာ့ဆင်းရဲမွဲတေသော လူဦးရေသုံးပုံနှစ်ပုံနေထိုင်သည့် အာရှတိုက်အတွင်း ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနည်းလမ်းများရှာဖွေမည့် နိုင်ငံတကာညီလာခံတစ်ရပ်ကို လန်ဒန်မြို့၌ မတ် ၆ရက်က စတင်ကျင်းပသည်။

စီစဉ်ကျင်းပ

ယင်းနိုင်ငံတကာ ညီလာခံကို ဗြိတိန်အစိုးရ၊ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)နှင့် ကမ္ဘာ့ဘဏ်တို့က ပူးတွဲ စီစဉ်ကျင်းပခြင်း ဖြစ်သည်။

အာဖရိကတိုက်အတွင်း ဆင်းရဲမွဲတေမှုကို မီးမောင်းထိုးပြပြီး တစ်နှစ်အကြာတွင် အာရှတိုက်မှ ဆင်းရဲမွဲတေမှုကို မီးမောင်းထိုးပြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဖြေရှာ

အဓိကဦးတည်ချက်မှာ အာရှဒေသအတွင်း ဥစ္စာနေကြွယ်ဝမှုတို့ ပိုမိုမျှတအောင် မည်သို့ခွဲဝေမည် ဆိုခြင်းကို အာရှတိုက်မှ နိုင်ငံရေးသမားများနှင့် အစိုးရမဟုတ်သော အင်န်ဂျီအိုများ ဆွေးနွေးအဖြေရှာကြရန် ဖြစ်သည်။

နောက်ထပ် ငွေကြေးကူညီထောက်ပံ့မည့် အာမခံချက်များကို ညီလာခံကျင်းပစဉ်အတွင်း ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

ဘယ်လ်ဂျီယံမြောက်ပိုင်း နီအူပို့ကမ်းခြေတွင် အရှည် ၃၃ပေ အလေးချိန် သုံးတန်ရှိသော ဝေလငါးကြီးတစ်ကောင် သေဆုံးလျက် သောင်တင်နေသည်ကို မတ် ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်တစ်နိုင်ငံတည်းမူ ထောက်ခံကြောင်း နိုင်ငံများကြေညာချက်ထုတ်ပြန်

ပေကျင်း မတ် ၇

တရုတ်တစ်နိုင်ငံတည်းမူကို ထောက်ခံကြောင်း မြန်မာ၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ထုတ်ဖော်ကြေညာလိုက်ပြီး အမျိုးသားပြန်လည်ပေါင်းစည်းရေးကောင်စီ (အင်ယူစီ)နှင့် အမျိုးသား ပြန်လည်ပေါင်းစည်းရေး လမ်းညွှန်ချက်များ လိုက်နာကျင့်သုံးမှုရပ်စဲရန် ထိုင်ဝမ်ခေါင်းဆောင် ချင်ရွှေဗျန်း၏ ဆုံးဖြတ်ချက်ကို ပြစ်တင်ရှုတ်ချလိုက်ကြသည်။

ထုတ်ပြန်ကြေညာ

ကာဇက်စတန်နိုင်ငံက တရုတ်တစ်နိုင်ငံတည်းမူကို ဆက်လက်ထောက်ခံကြောင်း စနေနေ့က ထုတ်ပြန်ကြေညာသည်။

ဥဇဘက်ကစ္စတန်အစိုးရအနေဖြင့် မည်သည့် တရုတ် နှစ်ပြည်ထောင်ဖန်တီးရေးကြိုးပမ်းချက်မဆို ပြစ်တင်ရှုတ်ချကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဖိလစ်ပိုင်နိုင်ငံက တရုတ်တစ်နိုင်ငံတည်းမူကို ထောက်ခံကြောင်း၊ ထိုင်ဝမ် ပြဿနာကို အာရှပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို အထောက်အကူဖြစ်စေသည့် ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း စနေနေ့တွင်ပင် ကြေညာသည်။

ပျက်ပြားသွားစေနိုင်

ထိုင်ဝမ်ခေါင်းဆောင် ချန်ရွှေဗျန်း၏ ဆုံးဖြတ်ချက်မှာ ထိုင်ဝမ်ရေလက်ကြားကိုဖြတ်လျက် ဆက်ဆံရေးတင်းမာစေပြီး အာရှ ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ပျက်ပြားသွားစေနိုင်သည်ဟု မြန်မာအစိုးရက ယုံကြည်ကြောင်း၊ ထို့ကြောင့် မစ္စတာချန်၏ ထိုဆုံးဖြတ်ချက်မှာ ဒေသတစ်ခုလုံးက လက်မခံနိုင်စရာဖြစ်ကြောင်း တနင်္ဂနွေနေ့ထုတ် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စီပြည်နယ်တွင် အမျိုးသမီး ရဲအရာရှိများ လေ့ကျင့်နေသည်ကို မတ် ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မြို့နယ်ကျန်းမာရေးလုပ်ငန်းများ တိုးတက်ရေး ဒေါ်လာ ၂ ဘီလီယံကျော် တရုတ်နိုင်ငံ သုံးစွဲမည်

ပေကျင်း မတ် ၇

လာမည့် ငါးနှစ်အတွင်း မြို့နယ်ကျန်းမာရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ယွမ် ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ)ထက်မနည်း အသုံးပြုရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မတ် ၅ရက်တွင် ကတိပြုလိုက်သည်။

ဖော်ပြပါရှိ

ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ လွယ်လွယ်ကူကူနှင့် သက်သက်သာသာ အခွင့်အလမ်းများ လူအများကို ပေးနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ကျေးလက်ကျန်းမာရေးလုပ်ငန်းစနစ်ကို တိုးတက် တည်ဆောက်ရန်လိုအပ်ပြီး စီရင်စုများ၊ မြို့နယ်များနှင့် ကျေးရွာအဆင့်များ၌ ကာမိစေရန် လုပ်ငန်း ကွန်ရက်များကိုလည်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆယ်ကြိမ်မြောက် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်(အင်ပီစီ)၏ လေးကြိမ်မြောက်အစည်းအဝေးဖွင့်ပွဲတွင် အစိုးရလုပ်ငန်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းတွင် ဖော်ပြပါရှိသည်။

ပြောကြား

တရုတ်နိုင်ငံတွင် ကျေးလက်လူဦးရေမှာ သန်း၉၀၀ကျော်ရှိသည်။ ကျေးလက်ကျန်းမာရေးသည် အားအနည်းဆုံးဖြစ်ပြီး နိုင်ငံ၏ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အများဆုံး မညီမမျှဖြစ်နေကြောင်း ကျန်းမာရေးဝန်ကြီးဂါအိုကျန်က လွန်ခဲ့သည့်လက ပြောကြားခဲ့သည်။

အဆက်အသွယ်ရှိ

မြို့နယ်ကျန်းမာရေး ဗဟိုဌာနများသည် ကျေးလက်ကျန်းမာရေးစနစ်အားလုံးအရ စီရင်စုဆေးရုံများနှင့် ကျေးရွာ ဆေးပေးခန်းများ အကြားအဆက်အသွယ်ရှိကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူမာအိုကန်အန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟွန်ဒူရပ်စ်၌ ကျန်းမာရေးစောင့်ရှောက်မှုအရေးပေါ် စီစဉ်

တေဂူဆီဂါလ်ပါ မတ် ၇

ဟွန်ဒူရပ်(စ်)သမ္မတ မစ္စတာဇေလာယာကဆေးရုံများတွင် ဆေးဝါးများ ပြတ်လပ်နေသည့်အတွက် နိုင်ငံတော်ကျန်းမာရေးစောင့်ရှောက်မှု စနစ်အတွင်း အရေးပေါ်အခြေအနေကို ကြေညာထားသည်။

ဟွန်ဒူရပ်(စ်)နိုင်ငံ တစ်ဝန်းရှိ ဆေးရုံများတွင် လူနာများအား ကုသရန် လိုအပ်သည့် ဆေးဝါး ၃၀ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်ဟု သတင်းများ၌ ဖော်ပြထားသည်။

ရှုမြင်

ထိုသို့ ပြဿနာပေါ်ပေါက်ခြင်းမှာ ရာဇဝတ်မှုများထူပြောမှု၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် ရန်ပုံငွေ မလုံလောက်မှုနှင့် ဌာနအတွင်း စီမံခန့်ခွဲမှု ချွတ်ချော်နေမှုတို့ကြောင့်ဖြစ်ရကြောင်း အာဏာပိုင်များက ရှုမြင်သည်။

ရေးသားဖော်ပြ

အသက် ၁၄နှစ်ရှိ သွေးမတိတ်ရောဂါရှင် ဟားဗီးယားဖျူဆိုသည် ဘောလုံးကစားရင်း အနာတရဖြစ်ပြီးနောက် မြို့တော် တေဂူဆီဂါလ်ပါရှိ ဆေးရုံသို့ တက်ရောက်ကုသပါသော်လည်း ဆေးဝါးမပြည့်စုံ၍ သေဆုံးသွားရရှာသည် ဆို၏။ စာနယ်ဇင်းများက ထိုကိစ္စကို ရေးသားဖော်ပြကြသည်။

အလယ်ပိုင်းအမေရိကမှ အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဟွန်ဒူရပ်(စ်)နိုင်ငံ၌ ဆင်းရဲမွဲတေမှုကို ကိုင်တွယ် ဖြေရှင်းရန် ဆုံးဖြတ်ထားသူ သမ္မတ မစ္စတာ ဇေလာယာသည် ၂၀၀၅ခုနှစ် နိုဝင်ဘာလက ကျင်းပသည့် ရွေးကောက်ပွဲတွင်အနိုင်ရလာသူဖြစ်သည်။

ကြေညာ

ကျန်းမာရေးဆိုင်ရာ အရေးပေါ် အစီ အစဉ်များကို အစိုးရက အတည်ပြုလိုက်ပြီဖြစ်ကြောင်း သမ္မတရုံးက တနင်္လာနေ့တွင် ကြေညာသည်။

ဧပြီ ၃၀ရက်မတိုင်မီ ဆေးဝါးများ ဒေါ်လာ ရှစ်သန်းဖိုးဝယ်ယူရန်နှင့် ငွေကြေးသုံးစွဲမှုကို ကြီးကြပ်ရန်အထူးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းလိုက်သည် ဆို၏။

(အင်တာနက်)

ညှော်ကိုစက်ရုပ်

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟိုတယ်ခန်းမဆောင်တစ်ခုတွင် ဟီတာချီကုမ္ပဏီမှထုတ်လုပ်သော စက်ရုပ်တစ်ရုပ်က ဟိုတယ်ဝန်ထမ်းတစ်ဦးကဲ့သို့ ခရီးဦးကြိုပြုပြီး ခရီးဆောင်အိတ်အား သယ်ယူသွားပုံကို ညှော်ပရိသတ်များအား မတ် ၆ရက်က သရုပ်ပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပေါက်ကွဲနေသော ကြယ်စုများ



အာကာသအတွင်းပေါက်ကွဲနေသော ကြယ်တာရာများကို တွေ့ရစဉ်။

နာဆာအဖွဲ့က မတ် ၅ ရက်၌ ထုတ်ပြန်လိုက်သောပုံဖြစ်ပြီး ကြယ်တာရာစုတစ်ခုအတွင်း ပေါက်ကွဲနေသော ကြယ်စုများကို အလင်းနှစ် သန်း ၃၀၀ ခန့်၌ တွေ့မြင်ရသော ပုံဖြစ်သည်။ ပေါက်ကွဲနေသာ ကြယ်တာရာများ၏ရွေ့လျားမှုမှာ တစ်စက္ကန့်လျှင် ၅၄၀ ဒသမ၆ မိုင်နှုန်းခန့်ရှိနိုင်ကြောင်း နာဆာမှ အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ရှေးဟောင်းနံရံဆေးရေး ပန်းချီကား

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကျေးရွာတစ်ရွာမှ ရှာဖွေတွေ့ရှိခဲ့သော အုတ်ဂူအတွင်းမှ ရှေးဟောင်းနံရံဆေးရေးပန်းချီကားကို တွေ့ရစဉ်။

ယင်းအုတ်ဂူသည် တရုတ်ဟန်မင်းဆက်(၂၀၆ဘီစီ-၂၄)ခေတ်ကာလက အုတ်ဂူတစ်လုံးဖြစ်ပြီး အရှည် ၄ဒသမ၆မီတာ၊ အကျယ် ၂ဒသမ၀၈မီတာနှင့် အမြင့် ၂ဒသမ ၁မီတာ ရှိသည်။

(ဆင်ဟွာ)

ရှေးဟောင်းနံရံဆေးရေးပန်းချီကား

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ သိပ္ပံနှင့်နည်းပညာပြခန်းတွင် ပြသထားသော အကြမ်းဖက်နှင့် အဓိကရုဏ်း နှိမ်နင်းရေးစက်ရုပ်ကို မတ် ၆ရက်က တွေ့ရစဉ်။

(ယင်းစက်ရုပ်သည် ပေါက်ကွဲစေသော ပစ္စည်းများ ရှင်းလင်းခြင်းနှင့် မျက်ရည်ယိုဗုံးများကို ပစ်ခတ်နိုင်ခြင်း စသည့်တာဝန်များကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ပထမကမ္ဘာစစ်က စစ်ပြန်စစ်မှုထမ်းအဘိုးအိုနှစ်ဦး ပြင်သစ်အာဏာပိုင်များ ပြန်လည်တွေ့ရှိ

ပါရီ မတ် ၇

ပြင်သစ်နိုင်ငံ၌ ပထမကမ္ဘာစစ်က စစ်ပြန်စစ်မှုထမ်းကြီးနှစ်ဦးကို ယခုအခါ ပြန်တွေ့လိုက်ပြီဖြစ်၍ ပထမကမ္ဘာစစ်ပြန် စစ်မှုထမ်း သက်ရှိထင်ရှားရှိသူ ငါးဦးမှ ခုနစ်ဦးအထိ တိုးသွားသည်။

အသက် (၁၀၄)နှစ်ရှိ စစ်ပြန်ကြီး ဖရန်ဝွေဂျက်ဖရီမှာ သေဆုံးသွားပြီဟု အာဏာပိုင်များက ယူဆထားသော်လည်း ပါရီမြို့အနီးရှိ အငြိမ်းစားများ ဂေဟာတွင် ပြန်လည်တွေ့ရှိရသည် ဆို၏။

မေ့လျော့

၁၉၁၇ခုနှစ်တွင် ရေတပ်ဝင်ခဲ့သူ မစ္စတာဂျက်ဖရီသည် နယူးယောက်မှ အတ္တလန္တိတ်ကိုဖြတ်သည့် အမေရိကန် သင်္ဘောများအား လိုက်ပါစောင့်ကြပ်ကာ ရေငုပ်သင်္ဘောရှာဖွေပေးရသည့် တာဝန်ကို ယူခဲ့သည်။



အသက်(၁၀၇)နှစ်ရှိ စစ်ပြန်ကြီး ရေနီရီဖော့

ပထမကမ္ဘာစစ်အပြီးတွင် နှစ်ပေါင်းများစွာ ပါရီမြို့၌ နေထိုင်ခဲ့ပြီးနောက် အငြိမ်းစားဂေဟာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း စစ်မှုထမ်းဟောင်းရုံးသို့ အကြောင်းကြားရန် မေ့လျော့နေခဲ့သည်ဆို၏။

နောက် စစ်ပြန်ကြီးတစ်ဦးမှာ ယခုအခါ အသက် (၁၀၇)နှစ် ရှိပြီဖြစ်သော ရေနီရီဖော့ ဖြစ်သည်။ သူသည် ပြင်သစ်နိုင်ငံ အရှေ့မြောက်ပိုင်း အာဒင်နက်စ် သစ်တောအတွင်းတွင် အမြောက်တပ်သား အဖြစ် တာဝန်ယူကာ ပထမကမ္ဘာစစ်တွင် ပါဝင်ဆင်နွှဲခဲ့သူ စစ်ပြန်ကြီးဖြစ်သည်။

နည်းပါး

၁၉၁၄ခုမှ ၁၉၁၈ ခုအထိ ဖြစ်ပွားသော ပထမကမ္ဘာစစ်အတွင်းတွင် သန်းနှင့်ချီ၍ သေဆုံးခဲ့သည်။ သို့သော် ယနေ့တိုင် အသက်ရှင်ဆဲ သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်း ဦးရေမှာ လက်ချိုး၍ ရေတွက်နိုင်အောင်ပင် နည်းပါးသည်။ ပြင်သစ်နိုင်ငံ၌ ခုနစ်ဦးသာ တွေ့ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည်စုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပဌမအကြိမ် တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည်စုံညီအစည်းအဝေးကို မတ် ၁ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ ဗိုလ်ချုပ်လမ်း ရွာဘဲနယ်မြေ မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓမ္မ ဗိမာန်တော်ကြီး၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းသာသနာရေးဦးစီးမှူးဦးဝင်းသိန်းနှင့် တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သဘာပတိအဖြစ်ဆောင်ရွက်

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်ပြီး အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ သာယာဝတီမြို့နယ် ဘီးလင်းကျေးရွာ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဒုမနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းသံဃ နာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လတို့က အသီးသီးဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။ ယင်းနောက် တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက ဝိနိစ္ဆယရေးရာကဏ္ဍကို လည်းကောင်း၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသိရိက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းသံဃနာယက အဖွဲ့ဝင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇိန္ဒက ပညာရေးရာကဏ္ဍကိုလည်းကောင်း အသီးသီးဖတ်ကြားလျှောက်ထားကြသည်။

ရုပ်သိမ်း

ထို့နောက် သဘာပတိ ဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူပြီး ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ပဌမအကြိမ် ပထမနှစ်ပတ်လည် စုံညီအစည်းအဝေးကို "ဇယန္တော ဗောဓိယာမူလေ"ဂါထာကို သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၇ရက်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဘက်စုံအလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အခြေခံပညာကျောင်းများအတွက် ယင်လုံအိမ်သာဆောက်လုပ်ရန် ကျပ် ၂၅သိန်းပေးလှူ

ရန်ကုန် မတ် ၇

တနင်္သာရီတိုင်းအတွင်းရှိ အခြေခံပညာကျောင်းများတွင် ယင်လုံအိမ်သာ အလုံး၁၀၀ဆောက်လုပ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ရန်ကုန်မြို့ တွဲဖက်ပါမောက္ခ(ပဋိပတ္တိမဟာဌာန)ဓမ္မကထိက ဗဟုဇနဟိတရေ မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မဒူတအရှင်ဆေကိန္ဒက အလှူတော်ငွေကျပ်၂၅သိန်းပေးအပ်လှူဒါန်းပွဲကို မြိတ်မြို့ မိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာ၌ ဖေဖော်ဝါရီ ၁၃ရက် နံနက်၈နာရီက ကျင်းပသည်။

အစီအစဉ်အရ တက်ရောက်လာသူများက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ဘဒ္ဒန္တအရှင်ဆေကိန္ဒက အခြေခံပညာကျောင်းများအတွက် ယင်လုံအိမ်သာ ဆောက်လုပ်ရန်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို မိန့်ကြားသည်။ ထို့နောက် ဆရာတော်ကိုယ်စား ဦးနေဝင်း (စိန်မှူးဆေးပေါ့လိပ်)က ငွေကျပ်၂၅သိန်းကို ပေးအပ်ရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က လက်ခံရယူသည်။ ထို့နောက် လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ကိုရီးယားသရုပ်ဆောင်မင်းသမီး အွန်စော ပထမဆုံးအကြိမ်အာရှမှရုပ်ရှင်ပရိသတ်နှင့်မိတ်ဆက်

ကိုရီးယားသရုပ်ဆောင်များဖြစ်ကြသည့် ချာတေဟွန်းနှင့် ဆောင်ဟေးကျို(အွန်စော)တို့သည် (အောက်ပုံ) **ယင်းတို့ နောက်ဆုံး ရိုက်ကူးထားသော ကျွန်တော့်ချစ်သူနှင့်ကျွန်တော် အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပထမဆုံး ပရိသတ်နှင့် မိတ်ဆက်ရန် လွန်ခဲ့သော သီတင်းပတ်က မလေးရှားနိုင်ငံသို့ ရောက်ရှိလာကြသည်။**

ယင်းကိုရီးယားသရုပ်ဆောင်များသည်ဖေဖော်ဝါရီ၂၈ရက်က မလေးရှားနိုင်ငံသို့ ရောက်ရှိလာကြသည်။ အချစ်ဇာတ်လမ်း နာမည်ကြီး သရုပ်ဆောင်များသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဂျေဒဗလျူမာရီယော့ ဟိုတယ်၌ သတင်းစာအဖွဲ့နှင့် ယင်းတို့၏ ပရိသတ်များကို တွေ့ဆုံခဲ့ကြသည်။

ရိုက်ကူးတင်ဆက်

ကျွန်တော့်ချစ်သူနှင့် ကျွန်တော် အမည်ရှိ အဆိုပါ ရုပ်ရှင်ကားကို ဒါရိုက်တာ ဂျွန်ယွန်ဆိုးက ရိုက်ကူးခဲ့သည်။ ဒါရိုက်တာ ဂျွန်ယွန်ဆိုးက ဆယ်ကျော်သက်အရွယ်ကျောင်းသားဘဝတွင်အခြားသူများနှင့်မတူဘဲ ပထမဆုံးအချစ်ကို ထူးဆန်းစွာ ရှာတွေ့ခဲ့ကြပုံများ၊ဘဝအခြေအနေခြားနားသော်လည်း ချစ်သူဘဝ ရောက်ခဲ့ပုံများကို ဖန်တီး ရိုက်ကူးတင်ဆက်ထားသည်။

ယင်းကားတွင် ဆောင်ဟေးကျို (အွန်စော)သည် တစ်ကျောင်းလုံးတွင် အလွန်ချောမောလှပသည့် အလှဘုရင်မလေးဖြစ်ပြီး ချာတေဟွန်းမှာ အညတရ ဆင်းရဲသားအဖြစ် သရုပ်ဆောင်ထားကြသည်။ယင်းတို့နှစ်ဦးမှာအလွန်ချစ်ခဲ့ကြသဖြင့် သူငယ်ချင်းများကပင် မနာလိုမှုများဖြစ်ခဲ့ရသည်။ ယင်းကားသည် အွန်စော၏ ပထမဆုံးသော ရုပ်ရှင်ကားကြီးဖြစ်ပြီး သူမသည်ယခင် **"ဆောင်းဦးရွက်ကြွေ ချစ်သက်သေ"** ဇာတ်လမ်းတွဲနှင့် ဟိုတယ်မန်နေဂျာ အမည်ရှိ ဇာတ်လမ်းတွဲများဖြင့် နာမည်ကျော်ကြားလာခဲ့သည်။

အာရှခရီးထွက်

အွန်စောနှင့် ချာတေဟွန်းတို့သည် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပရိသတ်နှင့် မိတ်ဆက်ပေးရန် အရှေ့တောင် အာရှခရီးထွက်ခွာခဲ့ရာ မလေးရှားနိုင်ငံသို့ ပထမဦးဆုံးရောက်ရှိခဲ့ပြီး ယင်းမှ ဟောင်ကောင်သို့ထွက်ခွာသွားကြောင်း သိရသည်။ ။

(ကိုကားချက်-အင်တာနက်)

ကမ္ဘာ့အကြီးဆုံး မွေးနေ့ကတ်ပြား

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့ ဘုရင်ဟူစိန်၏ ပန်းခြံ၌ ဂျော်ဒန်ဘုရင်၏ (၄၅)နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပရာ ဂျော်ဒန်ကလေးငယ်များက ကမ္ဘာ့အကြီးဆုံးမွေးနေ့ကတ်ပြားပြုလုပ်၍ ဂုဏ်ပြုနေကြစဉ်။ **(ယာပုံ)** ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၏ မွေးနေ့ပွဲတွင် ကလေးနှင့် ကျင်းပရေးအဖွဲ့ဝင် ၆၀၀၀ တက်ရောက်ကြပြီး စတုရန်းမီတာ ၁၀၀၀ ရှိ မွေးနေ့ကတ်ပြားကြီးကို ပြုလုပ်ခဲ့ကြောင်း၊ယင်းသည်ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

အဆိပ်ရှိသော သတ္တဝါများမှ ဆေးဝါးထုတ်လုပ်ရန်စမ်းသပ်

ဩစတြေးလျနိုင်ငံ ကာရမ်ဒါကွင်းစလန်းရှိ အဆိပ်ရှိသောသတ္တဝါများ တိရစ္ဆာန်ဥယျာဉ်တွင် ဇီဝသက်ရှိသတ္တဝါများ စုဆောင်းသူနှင့် အဆိပ်ရှိသောသတ္တဝါများ ကျွမ်းကျင်ပညာရှင် စကေ့ဒေါက်ကလပ်သည် အဆိပ်ပြင်းထန်သော အမွေးပွပင့်ကူကြီးတစ်ကောင်နှင့် မျက်လုံးချင်း အပြန်အလှန် စူးစိုက်ကြည့်နေသည်ကို မတ် ၃ ရက်က တွေ့မြင်ရခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဒေါက်ကလပ်သည် အမေရိကန်နိုင်ငံမှ ဇီဝဆေးဝါးများ ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုနှင့် ဩစတြေးလျမှ အဆိပ်ရှိသော ပင့်ကူများ၊ ကင်းမြီးကောက်များ၊ ကင်းခြေများအား စုဆောင်းတင်ပို့ရန်အတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းကုမ္ပဏီသည် သတ္တဝါ အဆိပ်များကို ရောဂါအသစ်များကုသရန်အတွက် ဆေးဝါးများထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

အဆိပ်ရှိသော ပင့်ကူများ၊ ကင်းမြီးကောက်များမှ ထွက်ရှိသော အဆိပ်များကို ကင်ဆာရောဂါနှင့်နှလုံးရောဂါများ ကုသမှုအတွက်ဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိက အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကားချက်-အင်တာနက်)

အင်တာနက်သတင်းနှင့် ဓာတ်ပုံ



ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့အား သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာရှိ ဓမ္မသဘင်၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေး ဒုတိယနေ့ကျင်းပ၊ အောင်မြင်စွာပြီးစီး

ရန်ကုန် မတ် ၇

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

တက်ရောက်ကြည့်ညို

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည့်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝ တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက်ပဌမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ရေကြည်မြို့နယ် သီတာရုံကျောင်း ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုဓမ္မိသာရက လည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စများနှင့် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့တင်သွင်း၍ ပုံလွန်တော်မူကြသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြကြောင်း မှတ်တမ်းတင်ရန်၊ အစားထိုး ရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို အတည်ပြုချက်ရယူရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပဌမအကြိမ် ၁၃၆၇ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (ကြာသပတေးနေ့)မှ ယနေ့အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ ဝေဖန် ဆွေးနွေးချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝ တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ပြန်လည် ရှင်းလင်းလျှောက်ထားတော်မူပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ထို့နောက် ပဌမအကြိမ် စုဒ္ဒသမ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ"အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုလျက် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမအစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောင်္ဃသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ်(၅၄)နေ ဦးကျော်ညွန့် (ညွန့်အက်ဆစ် ဓာတုဗေဒလုပ်ငန်း)က အရုဏ်ဆွမ်းကို လည်းကောင်း၊ လှိုင်မြို့နယ် ကန်ရိပ်မွန်အိမ်ရာ အမှတ်(စီ/၄၀)နေ (ဦးစံသာကျော်)–ဒေါ်ခင်လေးချစ် မိသားစုက နေ့ဆွမ်းကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၇

ပခုက္ကူအသင်း(ရန်ကုန်) ဒုတိယအကြိမ် မိုးကုတ်ဝိပဿနာသင်တန်းကို မတ် ၁၅ ရက်မှ ၁၉ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ပခုက္ကူဓမ္မာရုံတွင် မိုးကုတ်ဆရာကြီး ဦးစိန်ဝ (ဓမ္မကထိက)က နေ့စဉ် သင်တန်းပို့ချမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် တရားမွေ့လျော်သူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **(၃၅၂)**

အထူးကုဆရာဝန်များ မြေပုံမြို့နယ်၌ အခမဲ့ဆေးကုသ ကျန်းမာရေးဟောပြောပွဲကျင်းပ၊ အိုင်အိုဒင်းဆားများဝေငှ

ရန်ကုန် မတ် ၇

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုနှင့်အဖွဲ့သည် စစ်တွေခရိုင် မြေပုံမြို့သို့ မတ် ၃ ရက်ကရောက်ရှိခဲ့ပြီး ဒုတိယ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဆွေနှင့် အထူးကုဆရာဝန်ကြီးများဖြစ်ကြသော နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဒေါက်တာမြတ်ထွန်း၊ မျက်စိအထူးကု ဒေါက်တာအေးအေးမူ၊ ကလေးအထူးကု ဒေါက်တာခင်အေးနု၊ သွားဘက်ဆိုင်ရာ ဒေါက်တာကျော်စိန်၊ မြို့နယ်ဆရာဝန် ဒေါက်တာတင်ထူးလှိုင်၊ အထွေထွေရောဂါကု ဆရာဝန်များက လူနာ ၃၇၆ ဦးအား အခမဲ့ ဆေးဝါးကုသပေးပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုနှင့်အဖွဲ့က ကြည့်ရှုအားပေးကာ အထူးကုဆရာဝန်ကြီးထံ ဒေသခံပြည်သူများအတွက် ဆေးနှင့် ဆေးဝါးပစ္စည်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဟောပြော

ထို့နောက် ညနေ ၄ နာရီတွင် မြေပုံမြို့ အထကရှေ့ မြက်ခင်းပြင်၌ ကျန်းမာရေးပညာပေး ဟောပြောပွဲ ပြုလုပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပညာရေး၊ ကျန်းမာရေး၊ မိသားစုဝင်ငွေတိုး ဆောင်ရွက်ချက်များနှင့် အဖွင့်အမှာစကား ပြောကြားပြီး စစ်တွေခရိုင် မြေပုံမြို့နယ်၏ ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာနှင့် ရင်ထိုးတံဆိပ် ၁၅၀ ကို ပြည်နယ် မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက ပေးအပ်ရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီ ထွန်းက လက်ခံရယူသည်။ ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အဖွဲ့ဝင်အဆိုပြုလွှာ ၂၅၀ ကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးသို့ ပေးအပ်သည်။

အိုင်အိုဒင်းဆား

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူ အမျိုးသမီးရေးရာအဖွဲ့ဝင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်၊ကျောင်းသူကျောင်းသားနှင့် ရပ်မိရပ်ဖ စုစုပေါင်း ၂၈၅ ဦးအား ကလေးအထူးကုဆရာဝန်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ မြို့နယ်ဆရာဝန်က ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း၊ ဒုတိယ ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုးဆွေက ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်နှင့် ပတ်သက်သော တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးရေး၊ ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးများကို ဟောပြော၍ ကျန်းမာရေးသိကောင်းစရာများ မေးမြန်းကာ ဆုများချီးမြှင့်ပြီး အိုင်အိုဒင်းဆားပိဿာ ၁၀၀ နှင့် ကိုယ်ဝန်ဆောင်များအား သံဓာတ်အားဆေးများကိုပါ ဝေငှပေးခဲ့ကြောင်း သိရသည်။ **(မိခင်/ကလေး)**

ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် မတ် ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ကျင်းပသော ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၇

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များသို့ တတိယအကြိမ် စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရတနာသစ်စာပေပိုင်ရှင် ဦးဉာဏ်အောင်က သုတ/ရသ မဂ္ဂဇင်းအုပ် ၅၀၊ ဇာမဏီစာပေပိုင်ရှင် ဦးသန်းနိုင်က မဂ္ဂဇင်းအုပ် ၂၀ တို့ကိုလှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးဌေးမောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးစောလှမင်းအား စပိန်နိုင်ငံသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းအား စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးစောလှမင်းအား ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းအား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

မျိုးကိုင်း တစ်သိန်းခွဲနှင့် ပျိုးပင် ၃၂၀၀၀ ပျိုးထောင်ထားရှိမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် မိုးလုံလေလုံ အားကစားခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၍ တည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်းသိန်းဦးက အားကစားခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်မှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် မြို့မဈေးသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေက ဈေးရုံ၊ ဈေးဆိုင်ခန်းများတည်ဆောက် ပြီးစီးမှုနှင့် ဈေးဆိုင်ခန်းများ နေရာချထားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဈေးဆိုင်ခန်းများစနစ်တကျ နေရာချထားရေးနှင့် သန့်ရှင်းရေး မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ်ရှိ မဟာရွှေစည်ကြီးစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနရှိ ကန့်ဘလူမြို့အနီးမှ တူးဖော်တွေ့ရှိရသော အင်ကြင်းကျောက်ကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်၍ ညွှန်ကြားရေးမှူးဦးရဲတင့်က အင်ကြင်းကျောက်ထားရှိရာ အမိုးတိုးချဲ့ခြင်း ဆောင်ရွက်မှုအခြေအနေ၊ အင်ကြင်းတောစိုက်ပျိုးရန် ပျိုးပင်များစုဆောင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အင်ကြင်းကျောက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းလှမြို့နယ် ပင်သာတိုက်နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ဖော်ချောင်းကိုဖြတ်၍ ချပ်သင်းကျေးရွာနှင့် သင်တောကျေးရွာတို့ကို ဆက်သွယ်သည့် ကန့်ဘလူ-ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပေါ်ရှိ ဖော်ချောင်းတံတားပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ အဆိုပါဖော်ချောင်းတံတားသည် အရှည်ပေ ၁၂၀၊ အမြင့်ပေ၂၀ရှိ သစ်သားတံတားဖြစ်ကြောင်း သိရှိရသည်။

အလေးထားစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်စပ်ကြားရှိဒေါင်းမြူးတံတားကို ကြည့်ရှုစစ်ဆေးပြီး ကောလင်းမြို့သို့ ရောက်ရှိ၍ ကောလင်းမြို့ ဧည့်ခန်းမဆောင်၌ ကသာခရိုင်အတွင်းရှိ ကောလင်း-ဝန်းသို-ဗန်းမောက်-အင်းတော်၊ ပင်လယ်ဘူးမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခြံစည်းရိုးကြက်ဆူပင် အလေးထားစိုက်ပျိုးရေးတို့နှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျောက်ပုထိုး-ထီးချိုင့်လမ်းဆုံသို့ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် မရသိန်ကျေးရွာသို့ ရောက်ရှိကြကာ မရသိန်ကျေးရွာမှ ခရိုင်ချင်းဆက်လမ်း လမ်းအူကြောင်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဖောက်လုပ်ရန်မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘိုကုန်းကျေးရွာ၊ ငါးပိချောင်းကျေးရွာ၊ ချွန်တောင်ကျေးရွာ၊ ဝါးဘိုးချောင်းကျေးရွာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မရသိန်ကျေးရွာသို့ ညနေ၅နာရီတွင်ရောက်ရှိရာ ကျေးရွာရှင်းလင်းဆောင်၌ ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က ထီးချိုင့်-ခရမ်းစပ်ကုန်း မိုင်၆၀လမ်း ဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထီးချိုင့်-မရသိန်ကျေးရွာ ဆက်သွယ်သည့် ကားလမ်းကို ရာသီမရွေးအသုံးပြုနိုင်သည့်လမ်းဖြစ်အောင် ဖောက်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ဆွေးနွေးမှာကြားပြီး ပြန်လည်ထွက်ခွာလာရာ ညနေ၆နာရီတွင် ကျောက်ပုထိုးဧည့်ရိပ်သာသို့ ရောက်ရှိညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၇



မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၉)ကို ထုတ်ဝေ ဖြန့်ချိထားသည်။ **(ဓါတ်ပုံ)**

အဆိုပါ မဂ္ဂဇင်းတွင် အသုတ်မောင် ဝင်းရောင်၊ မိုးမြင့်သိန်း(သာစည်)၊ လော့်ကားယဉ်မှူး၊ စွမ်းဝေ(ဇီးကုန်း)၊ တောသားကြီးလူနိုင်၊ ပုဂံမွှေးကြည်၊ အဖျောက်မြေမောင်ဆွေမွန်၊ ရွှေညာသားမြတ်မင်း၊ မြတ်လွှမ်းနောင်(ပုတီးကုန်း)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ မောင်တင်ထွန်း(ကန်သာလေး)၊ မြတ်နိုးဝေတို့၏ကဗျာများ၊ မင်းယုဝေ၊ မင်းဇေဒါ(ပွင့်ဖြူ)၊ စန်းနီလာဝင်း၊ တက္ကသိုလ်လှကြွယ်၊ ဦးခင်မောင်မြ (ဘီအေဘီအယ်လ်)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ နေမျိုးသန့်၊ လှိုင်မင်းအောင်(မကွေး)၊ နှင်းသစ္စာကျော်၊ ဦးသန်းထွန်း(စကု)၊ အေးဝေ(သရက်)၊ မင်းကြော့ရှိန်၊ ဓာတ်ပုံမောင်မောင်၊ လေးသစ္စာ(မကွေး)တို့၏ဆောင်းပါးများ၊ ပြေအေး(မြင်းမူ)၊ ဦးအေးကို(ယမုံနာ)၊ မောင်(မကွေး)၊ နန္ဒာမိုးကြယ်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ လေလှိုင်း၊ မောင်မောင်အုန်း(လယ်ဝေး)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ဝင်းနွယ်(သစ်တော)၊ မောင်နွယ်မင်း (မုပ္ပလင်)၊ ဖိုးထူး(တွင်းကြီး)၊ ဂီတ စာဆိုမောင်မျိုးသူတို့၏ ဖတ်ဖွယ်၊ မှတ်ဖွယ်ဝတ္ထု၊ ဆောင်းပါးများ၊ မောင်မောင်စန်းလွင်၊ မောင်မောင်ညွှက်၊ မောင်တင်ယု၊ ကာတွန်းကိုခိန်တို့၏ ကာတွန်းများစသည်ဖြင့် ကဏ္ဍစုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်းနေ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်လှိုင်အားရည်စူး၍ ဇနီးဒေါ်ခင်ဝင်းနွယ် မိသားစုတို့က ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်ကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံက ကြီးမှူးကျင်းပသော စက်ရုံနှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၁ ရက် နံနက်၉နာရီက စက်ရုံမြေ ဝိဇယ-မင်္ဂလာခမ်းမာရုံကြီး၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆု

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကအဖွင့်အမှာစကားပြောကြားပြီး စက်ရုံမှူးက နှစ်ပတ်လည်နေ့ အခမ်းအနားဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း စက်ရုံလုပ်ငန်းဆိုင်ရာ၊ သက်သာချောင်ချိရေးဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ၊ လူမှုရေးအကျိုးပြု လုပ်ငန်းများဆိုင်ရာများတွင် ထူးချွန်စွာကြိုးစားထမ်းဆောင်ကြသည့် စက်ရုံဝန်ထမ်းများနှင့် ပြင်ပအဖွဲ့အစည်းများမှ အင်အား၃၀၀နှင့် စက်ရုံဝန်ထမ်း ၂၆၆၀ တို့အား ဂုဏ်ပြုဆုများ တန်ဖိုးအားဖြင့် ငွေကျပ်သိန်း၃၀ချီးမြှင့် ပေးအပ်သည်။ ကံစမ်းမဲ ငွေကျပ်ငါးသိန်းဖိုးကိုလည်း ကံထူးရှင် ဝန်ထမ်း၅၄ဦးအား ထိုက်တန်စွာမဲဖောက်ပေးဝေခဲ့သည်။ **(စက်မှု-၁)**

အမှာစကားပြောကြား

၂၀၀၆-၂၀၀၇ခုနှစ် မန္တလေးတိုင်းအတွင်း မိုးစပါးကော ၁၀ သိန်းနှင့် ကြက်ဆူကေသုံးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိုးစပါးနှင့်ခြစ်ည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြား

ရန်ကုန် မတ် ၇

၂၀၀၆-၂၀၀၇ခုနှစ် မန္တလေးတိုင်းအတွင်း မိုးစပါးကော ၁၀ သိန်းနှင့် ခြစ်ည်းရိုးကြက်ဆူပင်ကေ သုံးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေးညှိနှိုင်းအစည်းအဝေးကို မတ်၁ရက် ညနေ၄နာရီက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းအတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးသီးနှံကော ၁၀ သိန်း စိုက်ပျိုးရန်လျာထားသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မိုးစပါးကေ ၁၀သိန်း ပြည့်မီရေးအတွက် ရေရရှိရေးနည်းလမ်းများ၊ မြေယာတည်ရှိမှုများ အပေါ်မူတည်ပြီး ညှိနှိုင်းစိစစ်ဆောင်ရွက်ကြရ မှာဖြစ်ကြောင်း၊ ရေရရှိမှုနည်းလမ်းများဖြစ်သော ဆည်၊ ကန်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေပေးမြောင်း များအသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ၊ နောက်ထပ်ဆည်၊ ကန်များတည်ဆောက်နိုင်မည့် အခြေအနေများ တင်ပြဆွေးနွေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မိုးစပါးကော ၁၀ သိန်း

မန္တလေးတိုင်းအတွင်းရှိ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စမုံမြစ်၊ ပန်းလောင်မြစ်နှင့် ပေါင်းလောင်းမြစ်များမှ မြစ်ရေတင်လုပ်ငန်းများကိုလည်း ရေရရှိရေးလုပ်ငန်းများ အောင်မြင်အောင် စိစစ်ညှိနှိုင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ် မန္တလေးတိုင်းတွင် မိုးစပါးကော ၁၀ သိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအပြင် ခြစ်ည်းရိုးကြက်ဆူပင် ကေသုံးသိန်းပြည့်မီအောင် စိုက်ပျိုးရမှာဖြစ်ကြောင်း၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် သတ်မှတ်လျာထားချက်များပြည့်မီအောင် အချင်းချင်းပူးပေါင်း ညှိနှိုင်း၍ အောက်ခြေကျေးရွာလူထုအထိ ကွင်းဆင်းစည်းရုံး ဆောင်ရွက်ကြရန်နှင့် ခရိုင်နှင့်မြို့နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်ပြီး အခြေအနေများကို ဆွေးနွေးတင်ပြကြရန် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ၂၀၀၆-၂၀၀၇ ခုနှစ်၊ မိုးစပါး ကော ၁၀ သိန်းနှင့် ကြက်ဆူကေသုံးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ကြက်ဆူပင်များစိုက်ပျိုးပြီး စီးမှု၊ မျိုးစေ့နှင့် မျိုးကိုင်းများစုဆောင်းရရှိမှု၊ မြို့နယ်အဆင့်ထိ ဆောင်ရွက်ထားရှိမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

အခြေအနေတင်ပြ

ဆက်လက်၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက မန္တလေး တိုင်းအတွင်း ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးကေ ၁၀သိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ထားရှိမှု၊ နွေစပါးစိုက်ပျိုးရန် ကြိုတင်ဆောင်ရွက်ထားရှိမှု၊ ကြက်ဆူကေသုံးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ခွဲဝေ သတ်မှတ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီ

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျေးလက်နေလူထု စိုက်ပျိုးရေးအတွက် တာဝန် ရှိသူအဆင့်ဆင့်အလိုက် တာဝန်ခွဲဝေပေး၍ အောက်ခြေအထိ ကွင်းဆင်းစည်းရုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးကေ ၁၀သိန်းနှင့် ခြစ်ည်းရိုးကြက်ဆူပင်ကေသုံးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် သတ်မှတ်ထားသည့် နည်းလမ်းများအလိုက် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များကို အပိုင်းအလိုက် တာဝန်ခွဲဝေသတ်မှတ်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ခွဲဝေပေးပြီး စည်းရုံးရေးမှူး ကောင်းများအဖြစ် ကွင်းဆင်းဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာများအချင်းချင်းလည်း တက်ညီလက်ညီပူးပေါင်းညှိနှိုင်း ၍ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ည၇နာရီတွင် ရုပ်သိမ်းလိုက်သည်။

ပျိုးထောင်စုဆောင်းပြီး

၂၀၀၆ ခုနှစ်အတွင်း မန္တလေးတိုင်းတွင် ခြစ်ည်းရိုးကြက်ဆူပင် ကေသုံးသိန်းစိုက်ပျိုးရန်လျာထားရာ ယနေ့ အထိ ၉၅၈၂၈ကေ စိုက်ပျိုးပြီးစီးကာ အစေ့ပျိုးပင် ၁၃၂၇၂၃၆၆ပင်နှင့် ကိုင်းပျိုးပင် ၁၇၉၄၅၂၅၄၇ ပင် စုစုပေါင်း ပျိုးပင် ၁၉၂၇၂၄၉၁၃ပင် ပျိုးထောင်စုဆောင်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၇

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်ကို မတ်၁၀ရက်မှ၁၉ရက် အထိ နေ့စဉ်နံနက်၈နာရီမှ ည၈နာရီထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်၂ရပ်ကွက် မယ်လမုဘုရားမျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အဆိုပါဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း၊ ဈေးရောင်းပွဲတော်လာရောက်သူများအပန်းဖြေစေရန် နေ့စဉ်ညနေ ၅နာရီမှ ည၇နာရီခွဲထိ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍တေးသံရှင်များကတေး သံသာများဖြင့် သီဆိုဖျော်ဖြေပေးကြမည်ဖြစ်ပြီး စားသောက်ဆိုင်နှင့် ဖျော်ရည်ဆိုင်များ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) သာကေတကျောင်း မိသားစု(၁)၏ ခြစ်ည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲကို မတ်၂ ရက်က ကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ ကျောင်းမိသားစု ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းက ကျောင်းအလိုက် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများအား ပျိုးပင်များ စိုက်ပျိုးရန် ထုတ်ပေးစဉ်။ (၂၅၈)

အဆင့်မြင့်တန်းသို့ တစ်ကျော့ပြန်တက်ရောက်လာသော လှျပ်စစ်စွမ်းအားဝန်ကြီးဌာန ဘောလုံးအသင်း

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ လှျပ်စစ်စွမ်းအားဝန်ကြီးဌာနဘောလုံးအသင်းနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် လာမည့်ဘောလုံးရာသီ၌ အဆင့်မြင့်တန်းသို့ တက်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြသည်။ ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ မှစတင်၍ လှျပ်စစ်စွမ်းအားအသင်းနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းအသင်းတို့ အဆင့်မြင့်တန်းအသင်းများနှင့်အတူ ယှဉ်ပြိုင် ခွင့်ရရှိမည် ဖြစ်သည်။

တစ်ကျော့ပြန်တက်ရောက်ခဲ့

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ပထမရရှိခဲ့ပြီး အဆင့်မြင့်တန်းသို့ တက်ရောက် နိုင်ခဲ့သော လှျပ်စစ်စွမ်းအားဘောလုံးအသင်းသည် ယခင်ကလည်း အဆင့်မြင့်တန်းသို့ တက်ရောက်ခဲ့ဖူးသည်။ ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီတွင် ပထမတန်းသို့အတန်းဆင်းခဲ့ရပြီး ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ၌လည်း ပထမတန်း၌ပင် ဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။ ပထမတန်း၌ ဘောလုံးရာသီ နှစ်ရာသီ ကျင်လည်ခဲ့ရပြီးမှ အဆင့်မြင့်တန်းသို့ တစ်ကျော့ပြန်တက်ရောက် နိုင်ခဲ့ခြင်းဖြစ်သည်။

လှျပ်စစ်စွမ်းအားအသင်းသည် ၁၁ပွဲကစားရာတွင် ၃၆ဂိုး သွင်းယူနိုင်ခဲ့ပြီး ကိုးဂိုးအသွင်းခံခဲ့ရသည်။ ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယ ရရှိခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီက ပထမတန်း အမှတ်ပေးပြိုင်ပွဲ၌ တတိယရရှိခဲ့၍ အဆင့်မြင့်တန်းသို့ တက်ရောက် ခွင့်နှင့် ကပ်လွဲခဲ့ရခြင်းဖြစ်သည်။ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။

တွေ့ဆုံမေးမြန်းခဲ့

လှျပ်စစ်စွမ်းအားဘောလုံးအသင်း အဆင့်မြင့်တန်းသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ခဲ့မှု အခြေအနေနှင့်ပတ်သက်၍ နည်းပြချုပ် ဦးအောင်ကျော်မြင့်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

နည်းပြချုပ် ဦးအောင်ကျော်မြင့်က ကြိုတင်ပြင်ဆင်ခဲ့မှု များနှင့်ပတ်သက်၍ ပြောကြားရာတွင် “၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီမစတင်မီမှာပင် အသင်း၌ရှိပြီးသား အားကစားသမား များကို အမာခံထားပြီး အသစ်ရောက်ရှိလာသည့် အားကစား သမားများနှင့် ပေါင်းစပ်ဖွဲ့စည်းလေ့ကျင့်ခဲ့ကြောင်း၊ အဆိုပါ ဘောလုံးရာသီက ပထမတန်းအမှတ်ပေးပြိုင်ပွဲ၌ တတိယ၊ ကွင်းပိတ် (ရှုံးထွက်)ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် လူငယ်အားကစားသမားများကို ထပ်မံအင်အား ဖြည့်တင်းပြီး စုပေါင်းလေ့ကျင့်ခဲ့ကြောင်း၊ ကွင်းဖွင့်ဖလား ပြိုင်ပွဲ၌ ဒုတိယနှင့်သာ ကျေနပ်ခဲ့ရကြောင်း၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့၏ အားပေးမှုကို ကျေးဇူးတုံ့ပြန်နိုင်ရေးအတွက် အမှတ်ပေး ပြိုင်ပွဲ၌ ပထမရရှိအောင် ကြိုးစားယှဉ်ပြိုင်မည်ဟု ခံယူခဲ့ကြကြောင်း၊ အုပ်ချုပ်သူနှင့် နည်းပြများအပိုင်းက စုပေါင်း၍ လေ့ကျင့်ပြင်ဆင် ခဲ့ကြပြီး အားကစားသမားများကလည်း အပြင်းအထန် ကြိုးစား ယှဉ်ပြိုင်ခဲ့၍ အောင်မြင်မှုရရှိခြင်းဖြစ်ပါကြောင်း”မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

တာဝန်ယူဆောင်ရွက်

၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် လှျပ်စစ်စွမ်းအား ဘောလုံးအသင်းအား အုပ်ချုပ်သူအဖြစ် ဦးရွှေဝင်း၊ နည်းပြချုပ် အဖြစ် ဦးအောင်ကျော်မြင့်၊ နည်းပြအဖြစ် ဦးထွန်းမြင့်ထွန်း၊ အကြံပေးအဖြစ် ဦးစောနေဇလုနှင့် ဦးဝင်းရွှေတို့က တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။

သူတို့ပါဝင်ကစား

အားကစားသမားများအဖြစ် **(ဂိုး)**မျိုးဝင်းဌေး၊ နေမျိုးရှိန်၊ **(နောက်တန်း)** မျိုးမင်းဆွေ၊ ဇော်မင်းထွန်း၊ မျိုးမြင့်ထွန်း၊သိန်းဇော်၊ မြတ်ချိုလင်း၊ ငြိမ်းချမ်းအောင်၊ ချစ်ဆွေဝင်း၊ ထွန်းထွန်းဝင်း၊ ကျော်သူဝင်း၊ **(အလယ်တန်း)** အောင်သာမွေး(အသင်းခေါင်းဆောင်)၊ မင်းမင်းဦး၊ တိုးစံ(ခ)အယ်ဂျာနော်၊ ဝင်းထွေး၊ဟန်စိုးအောင်၊ ရဲလင်း ထွန်း၊ **(ရှေ့တန်း)** အောင်သော်ဇင်၊ ရဲဝင့်အောင်(ခ)အောင်ကိုကို သန်း၊ လင်းထွန်းဦး၊ ဝင်းလှိုင်တို့ပါဝင်ကစားခဲ့ကြသည်။ ။ **(မြန်မာ့အလင်း)**

လှျပ်စစ် စွမ်းအား ဝန်ကြီးဌာန ဘောလုံး အသင်းမှ နည်းပြနှင့် အားကစားသမားများ အားလေ့ကျင့်ရေး ကွင်း၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရှောင်လေဝေးဝေး ကွမ်းနှင့်ဆေး ခံတွင်းကျန်းမာရေး

မြန်မာမှုနယ်ပယ်တွင် ရှေးဘိုးဘေးများ လက်ထက်ကတည်းက ထွန်းကားလာခဲ့သော ကွမ်းစားခြင်းဓလေ့သည် ယနေ့မျက်မှောက်ကာလ မြို့ပြလူထု၏ အလွှာစုံ၌လည်း ဖက်ရှင်တစ်ရပ်သဖွယ် အများအပြား စားသုံးနေကြသည်ကို မြင်တွေ့နေကြရပေသည်။ ကွမ်းစားသူ နှစ်မျိုးနှစ်စားရှိသည့်အနက် အပျော်စားသူတို့က ကွမ်းယာတွင် ကွမ်းရွက်၊ ကွမ်းသီး၊ ရှားဆေး၊ ထုံးတို့အပြင် စမုန်စပါး၊ နွယ်ချို၊ အာမွှေး စသည်တို့ဖြင့် မိမိနှစ်သက်သလို စပ်ဟပ်ကာ ကွမ်းယာအချိုကို စားသုံးကြပြီး ကွမ်းစွဲနေသူတို့က ဆေးရွက်ကြီးကို အမှုန့်ချေထားသော ဗမာဆေးဖြင့် အခါးကို စားသုံးနေကြပေသည်။ ကွမ်းယာ အမျိုးအစားများကလည်း အချိုရိုးရိုး၊ အချိုရှယ်၊ အချိုထူးရှယ်၊ ငွေကွမ်းယာ၊ ရွှေကွမ်းယာ၊ ရေခဲစိမ်ကွမ်းယာ၊ ဆေးရိုးရိုး၊ ဆေးဖာလာ၊ ဆေးရှယ်၊ ဆေးထူးရှယ်၊ ဆေးထူးအာမွှေးရှယ်၊ ဆေးရှယ်စုံစသည်ဖြင့် စွဲမက်ဖွယ်ရာ အမည်နာမစုံလင်လှပေ၏။

ကွမ်းစွဲနေသူများသည် တစ်နေ့လျှင် ကွမ်းယာ ငါးယာ၊ ဆယ်ယာမှ အချို့ဆိုလျှင် အယာငါးဆယ်ကျော်အထိ ကျန်းမာရေးကို ထိခိုက်ပျက်ပြားလောက်အောင် စားသုံးနေကြပေသည်။ အချို့မှာ နံနက်အိပ်ရာထလျှင်ထချင်း မျက်နှာမသစ်ခင် အသင့်ယာပြီးသားကွမ်းယာကို ပါးစပ်တွင် အရင်ဆုံးငုံပြီးမှ တစ်နေ့တာ လုပ်ငန်းဆောင်တာတို့ကို ဆက်လက်ဆောင်ရွက်နိုင်ကြသည်။ အချို့ဆိုလျှင် ထမင်းစားသည့်အချိန်မှလွဲ၍ ကွမ်းကို တစ်ယာပြီးတစ်ယာ အလျင်မပြတ် တစ်နေကုန်ဝါးနေရမှ နေသာထိုင်သာရှိပြီး ညအိပ်ရာဝင်သည့် အခါတွင်လည်း ကွမ်းငုံပြီး အိပ်ရပါမှ အိပ်ပျော်သည်အထိ စွဲလမ်းနေသူများလည်း ရှိပေသည်။ ကွမ်းစားခြင်းနှင့် ခံတွင်းကျန်းမာရေးကို နှိုင်းချင့်နိုင်ရန်အတွက် ကွမ်းယာတွင် အဓိကပါဝင်သော ပစ္စည်းများ၏ အာနိသင်ကို တစ်မည်ချင်း စိစစ်တင်ပြပါမည်။

ကွမ်းယာ၏ အဓိကပစ္စည်းဖြစ်သော ကွမ်းရွက်တွင် ရေငွေ့ဓာတ် ၈၅ဒသမ၄ ရာခိုင်နှုန်း၊ ပရိုတိန်းဓာတ် ၃ဒသမ၁ရာခိုင်နှုန်းနှင့် ကာဗိုဟိုက်ဒရိတ်ဓာတ် ၆ဒသမ၈ရာခိုင်နှုန်း ပါဝင်ပြီး မြန်မာ့ဆေးကျမ်းများ၌

သွား၏အပေါ်ယံကြွေလွှာ ပြုန်းတီးနေသည်ကို ဤသို့ တွေ့ရသည်။

ကွမ်းရွက်ကို စွယ်စုံရသော ဆေးဖက်ဝင်သစ်ရွက်အဖြစ် ဖော်ပြကြသည်။ ရှုတော်မူဆေးကျမ်းတွင် "ကွမ်းရွက်သည် ပူစပ်သော အရသာရှိ၏။ သလိပ်ကို ကြေစေ၏။ လေကိုနိုင်၏။ သွေးဖောက်ပြန်သော အနာ၊ သည်းခြေနှင့် ယှဉ်သောအနာ၊ အပုပ်အားကြီးသော အနာတို့ကို နိုင်၏။ အညှော်အသင်းတို့ကို ထုတ်စေတတ်၏။ ချောင်းဆိုးနာကိုနိုင်၏။ သစ်ရွက်တို့တွင် အမြတ်ဆုံးဟု ကျမ်းများ၌ဆို၏" ဟူ၍ ဖော်ပြထားသည်။ သို့သော် နဂိုရည်မည်မျှပင် ကောင်းစေကာမူ အပေါင်းအဖော် မကောင်းလျှင် ရှိရင်းစွဲအရည်အသွေး ပျက်ယွင်းတတ်သကဲ့သို့ ကွမ်းယာတွင် အခြားပစ္စည်းများနှင့် ရောနှောစပ်ဟပ်သုံးစွဲရာမှ ကွမ်းရွက်၏ မူလအာဟာရတန်ဖိုးသည် လျော့ပါးပျက်ပြယ်ရပေသည်။

ကွမ်းသီးနှင့် ကွမ်းရွက်တို့သည် အမည်ဆင်တူသော်လည်း သီးခြားအပင်များမှရသော အသီးနှင့်အရွက်တို့ဖြစ်ကြပြီး ကွမ်းသီးတွင် ရေငွေ့ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်ဓာတ်တို့ အများဆုံးပါဝင်၍ အခြားဓာတ်ပစ္စည်းများလည်း အနည်းငယ် ပါဝင်သည်။ ယင်းတို့အနက် Arecoline, Flavanoidနှင့် Tanin တို့သည် အန္တရာယ်ပေးနိုင်သော ဓာတ်ပစ္စည်းများဖြစ်ကြပြီး ကွမ်းသီးကိုကြာရှည်စွာစားသုံးလျှင် ခံတွင်း အမြှေးပါးတွင် ရှေ့ပြေးကင်ဆာအနာများ ဖြစ်စေနိုင်သည်။ တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင် အချို့တိုင်းရင်းသားတို့သည် ကွမ်းသီးချည်းသက်သက်ကို ဝါးသည့်ဓလေ့ရှိကြပေသည်။ ပစိဖိတ်ဒေသ မိုက်ခရိုနီးဆီးယားနယ်မြေရှိ အထက်တန်းကျောင်း သုံးကျောင်းတွင် လေ့လာထားသော စာတမ်းတစ်စောင်၌ ပျမ်းမျှ အသက်၁၆နှစ်ခန့်စီရှိကြသော အထက်တန်းကျောင်းသားများ၏ ၆၃ဒသမ၄ရာခိုင်နှုန်းသည် ကွမ်းသီးဝါးသည့်အကျင့်ရှိကြပြီး ယင်းတို့အနက် ၁၃ရာခိုင်နှုန်းသည် ရှေ့ပြေးကင်ဆာအနာတစ်မျိုးဖြစ်သည့် အဖြူရောင်အကွက်များ ဖြစ်နေကြောင်း တင်ပြထားသည်။ ထိုကျောင်းသားများသည် ပျမ်းမျှ အသက် ၁၂နှစ်ခန့်ကတည်းက ကွမ်းသီးဝါးသည့်အကျင့်ကို စတင်ခဲ့ကြကြောင်း စာတမ်းတွင် ဖော်ပြထားပေသည်။ ထို့အပြင် ယေဘုယျအားဖြင့် ကွမ်းသီးက ခံတွင်းကို အန္တရာယ်ပေးနိုင်သည့်အချက်မှာ ကွမ်းသီးစိတ်၏ မာကြောမှုကြောင့် သွားများ၏ အပေါ်ယံကြွေလွှာ ပြုန်းတီးစေပြီး အပူအအေးနှင့် ချဉ်သော အစာများစားလျှင် ကျင်သောဝေဒနာ ခံစားရရှိစေနိုင်ခြင်း ဖြစ်ပေသည်။

ဒေါက်တာညီညီ

ကွမ်းယာတွင် မပါမဖြစ်သည့် နောက်အမည်တစ်မျိုးမှာ ထုံးဖြစ်သည်။ ထုံးဓာတ်သည် ကိုယ်ခန္ဓာအတွင်းရှိ အရိုးနှင့်သွားများ တောင့်တင်းခိုင်မာစေရန် လိုအပ်သည်မှန်သော်လည်း ထုံးသတ္တုအတိုင်း စားသုံးရန် မသင့်လျော်ဘဲ ဟင်းသီးဟင်းရွက်များတွင် သဘာဝအလျောက် ပါဝင်သော ထုံးဓာတ်ကိုသာ မှီဝဲအပ်ပေသည်။ ကွမ်းစားထုံးဆိုသည်မှာ ရိုးရိုးထုံးတွင်ပါဝင်သော စပ်သည့်အရသာ ကုန်စင်သွားအောင် ရေနွေးဖြင့် အထပ်ထပ်ဆေး၍ ဖောက်ထားသော ဖောက်ထုံးဖြစ်ပြီး ကျောက်ချဉ်၊ ပဲဆီ၊ ဆား၊ နွားနို့၊ နို့ဆီ၊ အချိုရည် စသည့်ပစ္စည်းတစ်မည်ကောင်းကို ထည့်ကာ စားကောင်းအောင် စီမံထားပေသည်။ ထုံးကို ရေနွေးဖြင့် အကြိမ်ကြိမ်ဆေး၍ ဖောက်ထားသည်ဆိုငြားသော်လည်း ကွမ်းစားထုံးကို ခံတွင်းတွင် ကြာရှည်စွာ ငုံထားလျှင် အရပ်အခေါ် "ထုံးပေါက်သည်"ဟု ဆိုသော ခံတွင်းအမြှေးပါး အပေါ်ယံလွှာပျက်စီးမှု ဖြစ်စေနိုင်သည်။ ထို့ပြင် ကွမ်းစားထုံးတွင် Arsenicဟု ခေါ်သည့် အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းအနည်းငယ် ရောနှောပါဝင်နေပေရာ ထုံးပေါက်နာမှတစ်ဆင့် ကွမ်းသွေးတွင်ပါဝင်သော အန္တရာယ်ရှိသည့် ဓာတ်ပစ္စည်းများလည်း ပါးစောင်အတွင်းသို့ စိမ့်ဝင်စေနိုင်ပေသည်။ ထို့ပြင် ထုံးကြောင့် လျှာနှင့် အာခေါင်တွင် စူးရှထက်မြက်သည့် အနံ့အရသာ ခံစားနိုင်မှုလျော့ပါးစေနိုင်ပြီး ထုံးကြောင့်ဖြစ်သော ကွမ်းချိုးများသည်လည်း သွားခြေတွင် ကပ်ငြိကာ အချိန်ကြာမြင့်လာလျှင် ဆိုးရွားသော ရေစီးကမ်းပြိုရောဂါ ဖြစ်စေလျက် သွားများကျွတ်ထွက် ဆုံးရှုံးစေနိုင်သည်။

ငွေကြေးကုန်ကျပြီး ကျန်းမာရေးကို ချို့တဲ့စေသော ကွမ်းစားသည့်အကျင့်ကို ကွမ်းစွဲနေသူများအဖို့ အခါမလင့်ခင် ဆောလျင်စွာ ရပ်စဲသင့်ပြီး အပျော်စားသူများအနေဖြင့်လည်း အန္တရာယ်ကို မျှော်ခေါ် သိမြင်ကာ ဆင်ခြင်သတိချပ်လျက် ...။

ရှားစေးသည် ခါးသောအရသာရှိပြီး ယခင်က ကွမ်းရွက်တစ်ရွက်တွင် ထုံးတစ်ဝက် ရှားစေးတစ်ဝက် သုတ်ကြသော်လည်း ယခုအခါတွင် ကွမ်းတစ်ရွက်တွင် ရှားစေးတစ်စက်ခန့်သာထည့်၍ စားသုံးကြသည်။ သို့သော်ရှားစေးသည် သဘာဝဆိုးဆေး တစ်မျိုးဖြစ်ပေရာ ခံတွင်းတွင် ကြာရှည်စွာ ငုံထားပြီး စားသုံးရန် မသင့်သော ပစ္စည်းဖြစ်ပေသည်။ ထို့ပြင် ရှားစေးကြောင့်သွားများတွင် အရောင်စွန်းထင်း မည်းညစ်မှုကိုလည်း ဖြစ်စေနိုင်သည်။

ယနေ့ကွမ်းစွဲနေသူတို့သည် ကွမ်းယာတွင် အာမွှေးကိုနှစ်ခြိုက်စွာ ထည့်၍ စားသုံးနေကြပေရာ အာမွှေးသည် ဆေးရွက်ကြီးကဲ့သို့ လူတို့ကို စွဲလမ်းမှု အန္တရာယ်ပေးနေပေသည်။ **နယ်စပ်မှဝင်လာသော ကွမ်းစားဆေး အာမွှေးဆေးဘူးမျိုးစုံတို့သည် "တအားကြီးမွှေး၊ တအားကြီးစွဲ"လှသဖြင့် ကွမ်းလောကတွင် ဈေးကွက်ဝင် တွင်ကျယ်လျက်ရှိပေရာ ကွမ်းမွှေးဆေးဘူးမျိုးစုံတို့၏ အာနိသင်ကို စိစစ်ရန်လိုအပ်နေပြီ**ဟု ထင်မြင်မိသည်။

ကွမ်းစွဲနေသူများ၏ ကွမ်းယာတွင် မပါမဖြစ် အမြဲတမ်းပါသော ပစ္စည်းများမှာ ဆေးရွက်ကြီးဖြစ်ပြီး ဆေးရွက်ကြီးကိုအမှုန့်ပြုလုပ်၍ဖြစ်စေ၊ အရက်ဖြင့်နှပ်၍ဖြစ်စေ စီမံပြုလုပ်လျက် စားသုံးကြလေသည်။ ဆေးရွက်ကြီးတွင်ပါသော Nicotineဟုခေါ်သည့် ဓာတ်ပစ္စည်းသည် ကွမ်းစွဲခြင်းကိုဖြစ်စေလျက် တံတွေးနှင့်ပေါင်းစပ်လျှင် ကင်ဆာဖြစ်စေနိုင်သော ပစ္စည်းအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ကွမ်းစားခြင်း၊ ဆေးငုံခြင်းကို မီးခိုးမထွက်သော ဆေးရွက်ကြီး သုံးစွဲမှု (Use of Smokless tobacco) အဖြစ် ဖော်ညွှန်းလျက် ခံတွင်း

နယ်စပ်မှ ဝင်လာသော ကွမ်းစားဆေး အာမွှေး ဆေးဘူးမျိုးစုံတို့သည် တအားကြီးမွှေး၊ တအားကြီးစွဲလှသဖြင့် ကွမ်း လောကတွင် ဈေးကွက်ဝင် တွင်ကျယ်လျက်ရှိပေရာ ကွမ်းမွှေးဆေးဘူးမျိုးစုံတို့၏ အာနိသင်ကို စိစစ်ရန် လိုအပ်နေပြီ...။

ကျန်းမာရေးအတွက် ဧကန်ဒိဋ္ဌ အန္တရာယ်ရှိကြောင်း အသိပေးဖော်ပြလျက်ရှိပေသည်။ ဆေးရွက်ကြီးပါဝင်သောကွမ်းဖတ်ကို ပါးစောင်တွင် အချိန်ကြာမြင့်စွာငုံထားလျှင် ခံတွင်းအမြှေးပါးသည် ဇီဝဖြစ်စဉ်ပြောင်းလဲမှုဖြစ်၍ ရှေ့ပြေးကင်ဆာအနာများ ဖြစ်လာနိုင်သည်။ ယင်းတို့အနက် အဖြစ်အများဆုံးမှာ ခံတွင်းအမြှေးပါး မျက်နှာပြင်ထူအမ်းလာပြီး ဂွမ်းနှင့်ဖိတိုက်သော်လည်း မကွာနိုင်သော၊ မနာသည့် အဖြူရောင်အကွက်များဖြစ်သည်။ အချို့တွင် အနီရောင်အကွက်များ ဖြစ်လာသည်။ ရှေ့ပြေးကင်ဆာအနာကို စောစီးစွာတွေ့ရှိပါက ကာယကံရှင်အနေဖြင့် ကွမ်းစားသည့် အကျင့်ကို ချက်ချင်းရပ်စဲပြီး အချိန်မီကုသမှုကိုခံယူလျှင် ရောဂါပျောက်ကင်းနိုင်ပါသည်။ သို့မဟုတ်ပါက ခံတွင်းကင်ဆာအသွင်ပြောင်းလဲပြီး တဖြည်းဖြည်း မည်သည့်အစာမျှ မစားနိုင်တော့ဘဲ အာဟာရပြတ်ကာ အသက်ဆုံးရှုံးရတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာတွင် ခံတွင်းကင်ဆာဖြစ်သူဦးရေ၏ ၉၀ရာခိုင်နှုန်းသည် ကွမ်းယာတွင် ဆေးရွက်ကြီးထည့်၍ စားသုံးမှုကြောင့်ဖြစ်ကြောင်း တင်ပြထားသည်။

ယနေ့ကမ္ဘာတွင် ခံတွင်းကင်ဆာသည် အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်နေပြီးအမျိုးသားများတွင် ပို၍ဖြစ်နေသည်။ တောင်အာရှဒေသတွင် အဖြစ်အများဆုံး ကင်ဆာသုံးမျိုး၌ ခံတွင်းကင်ဆာသည် တစ်ခုအပါအဝင်ဖြစ်ပြီး အိန္ဒိယတွင် လူဦးရေ ၁၀၀၀၀၀လျှင် ၁၂ဒသမ၆ဦးခန့်ဖြစ်နေပေသည်။ ထိုသို့အဖြစ်များနေခြင်းမှာ ကွမ်းစားခြင်း၊ ဆေးငုံခြင်းနှင့် ဆေးလိပ်သောက်ခြင်းဓလေ့များကြောင့် ဖြစ်ကြရပြီး လူမှုရေး၊ စီးပွားရေးအဆင်မပြေသူများတွင် အများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်လေရာ ကွမ်းစွဲနေသူများအနေဖြင့် မိမိတို့ခံတွင်းကို မှန်တွင်ကြည့်၍ အမြဲတမ်းစစ်ဆေးသင့်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက နားလည်တတ်ကျွမ်းသော ဆရာဝန်ထံပြသကာ စစ်ဆေးကုသမှုကို ခံယူသင့်သည်။ နိဂုံးချုပ်အနေဖြင့် **ငွေကြေးကုန်ကျပြီး ကျန်းမာရေးကိုချို့တဲ့စေသော ကွမ်းစားသည့်အကျင့်ကို ကွမ်းစွဲနေသူများအဖို့ အခါမလင့်ခင် ဆောလျင်စွာရပ်စဲသင့်ပြီး အပျော်စားသူများအနေဖြင့်လည်း အန္တရာယ်ကို မျှော်ခေါ်သိမြင်ကာ ဆင်ခြင်သတိချပ်လျက် ရှောင်ကြဉ်အပ်ပါကြောင်း** တင်ပြလိုက်ရပါသည်။ ။

မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်မန်နေဂျာများ

နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မန်နေဂျာများ၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မတ်၅ရက်က မန္တလေးတိုင်း မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း(အပေါ်ပုံ)**တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။**

သုံးသပ်ဆွေးနွေး

ယင်းနောက်မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာ့စီးပွားရေးဘဏ်အထက်မြန်မာပြည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများ၏ လုပ်ငန်းစွမ်းဆောင်ရည်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက်မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မန်နေဂျာများက ဒေသအလိုက်၊ ဌာနအလိုက် လိုအပ်သည်များ၊ မရှင်းလင်းသည်များကို တင်ပြဆွေးနွေး မေးမြန်းကြပြီး မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများက ဌာနအလိုက်၊ လုပ်ငန်းအလိုက် အသီးသီးရှင်းလင်းပြောကြားကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အထက်မြန်မာပြည်ဌာနခွဲ (မန္တလေး) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (မန္တလေး)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း အကောက်ခွန်ဦးစီးဌာန၊ မန္တလေးမြို့ အကောက်ခွန်ဦးစီးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံရာ တိုင်းအကောက်ခွန် ဦးစီးမှူး၊ မြို့နယ်အကောက်ခွန် ဦးစီးမှူးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် မတ် ၇

နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာ (၁/၂၀၀၆) ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ခြင်း ခံယူရရှိတော်မူကြသော ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာ ဗလသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာ သီရိမင်္ဂလာတိုက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရတို့နှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ပူဇော်ခြင်း ခံရသော ဖျာပုံမြို့ မဟာပုညာရာမထန်းပင်ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဥတ္တရစသော အရှင်သူမြတ်သုံးပါးအား ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍ ရန်ကုန်ရောက် ဖျာပုံမိသားစုဝင် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပူဇော်သဘင် ဆင်ယင် ကျင်းပမည်ဖြစ်ရာ မတ် ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ဖျာပုံမြို့နယ်အသင်းတိုက် အမှတ် (၃၀) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ်သို့ ကြွရောက် ပူဇော်ကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ် အသင်း တိုက်ဖုန်း-၂၉၁၀၈၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွေ့ဆုံ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လှည်းကူးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာအစောင် ၃၀၀ကို ပေးအပ်ပြီး**(အပေါ်ပုံ)** မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုများကို ရှင်းလင်းတင်ပြကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်လေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြကာ ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများကို ဝေငှကြပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက ရင်သွေးငယ်များအတွက် စားစရာမုန့်ပုံးများကို ပေးအပ်သည်။

ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တပ်မဌာနချုပ် အစည်းအဝေးခန်းမ၌ မြို့နယ်နှင့် တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တပ်ရင်း၊ တပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဖရဲစိုက်ခင်းများကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ မတ်လ (၈) ရက်

စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကိုယ့်မင်းကိုယ့်ချင်းလမ်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ တစ်နှစ်တစ်ကြိမ်ကျင်းပပူဇော်မြဲဖြစ်သော စွယ်တော် ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စတုတ္ထအကြိမ်မြောက် ကျင်းပ ပူဇော်မည်ဖြစ်ရာ မတ် ၁၃ ရက်နံနက် ၅နာရီတွင် အရဏ်သစ်သီးဆွမ်းတော်ကြီး ကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်မည်ဖြစ်သည်။

တရားပွဲများလည်း ကျင်းပမည်ဖြစ်ရာ မတ် ၁၀ရက်တွင် ဓမ္မစေတီဆရာတော်ဘဒ္ဒန္တကောသလ္လ၊ ၁၁ရက်တွင် မန္တြီမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ၁၂ရက်တွင် တိပိဋကခရေယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ၁၃ရက်တွင် ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ၁၄ရက်တွင် ပိုင်းလော့ဆရာတော် ဘဒ္ဒန္တဇေယျပဏ္ဍိတတို့က ညစဉ်၇နာရီမှ စ၍ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ချီးမြှင့်

မတ်၄ရက်က သန္တနမ္မပါလအဖွဲ့ချုပ်(ရန်ကုန်)က ကြီးမှူး၍ ရှရီဂုရုကြီး နှစ်တစ်ရာပြည့်မွေးနေ့ အထိမ်းအမှတ်နှင့် နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံကြရသော နာယကလူကြီးများအား ဂုဏ်ပြုပွဲကို အမှတ် (၄၈၆) ကုန်သည်လမ်းရှိ မဟာတ္တမဂန္ဒီခန်းမဆောင်၌ ကျင်းပစဉ်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၆ ခုနှစ် မတ်လ(၂၄)ရက်

"တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့"

World TB Day

2006 March 24

"Action For Life:towards a world free of tuberculosis"

ကျန်းမာရေးဝန်ကြီးဌာန

မေတ္တာဝါဒီကိုးထပ်ကျောင်းငွေကျပ်သိန်း၄၀လှူဒါန်း

ရန်ကုန် မတ် ၇

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ဒေါက်တာခင်သက်မော်နှင့် မောင်ဖြစ်သူ ဒေါက်တာမြင့်ဝင်းတို့ ကိုယ်စား ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)နှင့် ကိုအောင်အောင်မိသားစုတို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီပရဟိတ ကျောင်းတိုက် ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်အတွက် ငွေကျပ်သိန်း၄၀ကို ဖေဖော်ဝါရီ၁၉ရက်က လာရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

(က-ပ)

စွမ်းအင်က ပြည်ထဲရေးကို အနိုင်ရရှိ ကမ္ဘောဇနှင့် လယ်ယာထွက်ကုန် သရေကျ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ တစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။

ပထမတန်းသို့မဆင်းရေးအတွက် အမှတ်လိုနေသော လယ်ယာထွက်ကုန်အသင်း ရေကုန်ရေခန်းယှဉ်ပြိုင်ကစားခဲ့ရာ သရေပွဲဖြစ်သွား၍ ကြိုးစားရကျိုးနပ်ခဲ့သည်။ လယ်ယာထွက်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပြီးကာနီးတွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တင်မင်းထွန်းက သွင်းယူပေးသည်။ ကမ္ဘောဇအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် အောင်ကျော်ဦးက ခေါင်းတိုက်သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင် ကမ္ဘောဇအသင်းက ၁၄ပွဲကစား ၂၀ မှတ်ဖြင့် အဆင့်(၇)၌လည်းကောင်း၊ လယ်ယာထွက်ကုန်အသင်းက ၁၄ပွဲကစား ၁၃ မှတ်ဖြင့် အဆင့်(၁၃)၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

စွမ်းအင်နိုင်

လှုင်ယဉ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ စွမ်းအင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စွမ်းအင်အသင်းအတွက် အနိုင်ဂိုးများကို ဝေယံမောင်၊ အောင်ကျော်မျိုးနှင့် ရန်နောင်စိုးတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပြည်ထဲရေးအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို နေသူလှိုင်က သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင် စွမ်းအင်အသင်းက ၁၄ပွဲကစား အမှတ် ၃၀ ဖြင့် တတိယနေရာ၌လည်းကောင်း၊ ပြည်ထဲရေးအသင်းက ၁၄ပွဲကစား ၁၈ မှတ်ဖြင့် အဆင့်(၉)၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မတ် ၈ ရက်(**ယနေ့**) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ရွေးစင်ဘောလုံးအသင်းများ ဖွဲ့စည်းရန်အတွက် လေးပွင့်ဆိုင်လူရွေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ အာဆီယံချန်ပီယံရှစ်ဖုဆယ်ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားမှုများ၊ နွေရာသီအခြေခံဘောလုံးသင်တန်းဖွင့်လှစ်မည့် အစီအစဉ်များနှင့် ယူ-၁၇၊ ယူ-၂၀၊ ယူ-၂၃နှင့် အမျိုးသမီးလက်ရွေးစင်အသင်းများ စခန်းသွင်းလေ့ကျင့်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

လေးပွင့်ဆိုင်

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းနိုင်ရေးအတွက် လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပြိုင်ပွဲကို မတ် ၁၄ ရက်မှ ၂၀ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပဏာမလက်ရွေးစင် (က) အသင်း၊ ပဏာမ လက်ရွေးစင်(ခ)အသင်း၊ အသက်(၂၃)နှစ်အောက် အသင်းနှင့် အသက်(၂၃)နှစ်အထက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ရှင်သာမဏေဓမ္မပီမာန် ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၇

ရှင်သာမဏေဓမ္မပီမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ကျင်းပသော လူငယ်များ အကျင့်စာရိတ္တမြင့်မားရေး ယဉ်ကျေးမှုသင်တန်းကို မတ်၁၈ရက်မှ ၂၆ရက်အထိ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအတွင်း သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူ ပထမတန်းမှ နဝမတန်းကျောင်းသားကျောင်းသူများသည် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မပီမာန် ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

တိုက်ဂါး မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် တိုက်ဂါး မြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2006) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

၂၀၀၆ ခုနှစ် တိုက်ဂါး မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား ၁၁၁ ဦးပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများက တီခုံ(၁)၌နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ Mr. David Teng (General Manager. Myanmar Brewery Ltd.) နှင့် Mr. Vitor Seah (Commercial Manager Myanmar Brewery Ltd.)တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် နိုင်နိုင်လင်းက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်းက၇၄ချက်ဖြင့် ဒုတိယလိုက်ပြီး ဘိုဘိုနှင့် မျိုးနိုင်တို့က ၇၅ ချက်စီဖြင့် တတိယလိုက်ကာ ကျော်သီဟနှင့် ဌေးဝင်းတို့က ၇၆ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay Ltd.၊ KM Golf Centre၊ Imperial Jade Drinking Water၊ Accel International Co.,Ltd.(Canon)၊ Yangon Golf Club နှင့် Han Golf Masters Academy တို့က အသီးသီးပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ်၈ရက် နံနက်၇နာရီခွဲတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Mr. David Teng (General Manager Myanmar Brewery Ltd.) က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြို့နယ်သတင်းပဒေသာ

ကန်ရိုးကျေးလက်ဆေးပေးခန်း မြွေဆိပ်ဖြေဆေးလှူ

မြစ်ငယ် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက လှူဒါန်းသော တစ်ဘူးသုံးလုံးပါ မြွေဆိပ်ဖြေဆေး ၁၀ ဘူးကို အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ကန်ရိုးကျေးလက်ဒေသ ဆေးပေးခန်းသို့ လှူဒါန်းပွဲနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်နှစ်သိန်းကို ကန်ရိုးအခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်က မြွေဆိပ်ဖြေဆေး ၁၀ ဘူးကို ကျေးလက်ကျန်းမာရေးမှူး ဦးကျော်ဝင်းသန်းထံသို့လည်းကောင်း၊ သိပ္ပံကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုအေးထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ (၂၀၉)

အထူးကုဆရာဝန်ကြီးများ ကျေးလက်ဒေသကွင်းဆင်း

တောင်သာ ဖေဖော်ဝါရီ ၂၂

မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ညိမ်းခေါင်းဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြသိဂီ နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ရက်က တောင်သာမြို့နယ် ကျောဇီကျေးရွာသို့ ရောက်ရှိ၍ ကျေးလက်ပြည်သူ ၄၉၉ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးပညာပေးဟောပြောကြသည်။

(၄၀၂)

စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မာနုဂ္ဂဟစာမေးပွဲကြီး၏ (၅၄)ကြိမ်မြောက် စာမေးပွဲတွင် အောင်မြင်တော်မူကြသော သံဃာတော်များအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၀ရက် မွန်းလွဲ၁နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

(၅၄)ကြိမ်မြောက် ဓမ္မာနုဂ္ဂဟစာမေးပွဲတွင် ပထမလတ်တန်း၃၂ပါး၊ ပထမငယ်တန်း၃၇ပါးနှင့် အခြေပြုမူလတန်း ၈၄ပါးနှင့် ပထမအဆင့် အပါး၅၀၊ ဒုတိယအဆင့် ၂၉ပါး စုစုပေါင်းစာအောင်သံဃာ၂၄၇ပါးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့်တကွ ကုသိုလ်ရှင်များက အောင်လက်မှတ်နှင့် အောင်ဆုဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (၀၆၁)

ကြက်ဆူပင်၁၀သိန်းကျော် ရေစကြိုတွင် ပျိုးထောင်ပြီးစီး

ရေစကြို ဖေဖော်ဝါရီ ၂၃

မကွေးတိုင်း ရေစကြိုမြို့နယ်ရှိ (၈၉)အုပ်စုကျေးရွာများတွင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခြစည်းရိုးကြက်ဆူပင်မျိုးစေ့များ ပျိုးထောင်ပွဲများ ကျင်းပခဲ့ရာ ဖေဖော်ဝါရီ တတိယပတ်အထိ ပျိုးထောင်ပြီး ပျိုးခြံ ၂၁၃ ခြံတွင်ပျိုးပင်ပေါင်း ၁၀၈၃၃၅၁၃ ပင် ပျိုးထောင်ပြီးဖြစ်ကြောင်း သိရသည်။ **(၂၅၁)**

ကန့်ဘလူတွင် ရွှေရတုကျောင်းဆောင်သစ်ဖွင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၂၂

ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် ညနေက ရွှေရတုကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် အလှူရှင် ဟွန်ဒါမြန်မာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးသန်းမောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကံသာတို့က ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(၀၅၆)**

တယ်လီဖုန်းတပ်ဆင်ရေး ကောလင်း၌ စည်းဝေး

ကောလင်း ဖေဖော်ဝါရီ ၂၅

ကောလင်းမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အော်တိုတယ်လီဖုန်းတပ်ဆင်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ၂နာရီက စည်ပင်သာယာရေး ရုံးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်စိန်ထွန်းနှင့် စီမံကိန်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းတို့က ဝန်ဆောင်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဈေးအတွင်းအပြင် အော်တိုတယ်လီဖုန်းအနည်းဆုံး အလုံး ၅၀ တပ်ဆင်မည်ဖြစ်သည်။ (၀၂၆)

နွားထိုးကြီးတွင် မော်တော်ဆိုင်ကယ် သက်တမ်းတိုး

နွားထိုးကြီး ဖေဖော်ဝါရီ ၂၇

မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအစီအစဉ်နှင့် နွားထိုးကြီးမြို့နယ်ရှိ မော်တော်ဆိုင်ကယ်များကို ဖေဖော်ဝါရီ ၁၈နှင့် ၁၉ ရက်များက မြင်းခြံခရိုင် ဦးစီးမှူးဦးဆောင်၍ မော်တော်ဆိုင်ကယ် ၅၀၀ ကျော်ကို သက်တမ်းတိုးရန် စစ်ဆေးသွားကြောင်းသိရသည်။

နွားထိုးကြီးမြို့နယ်တွင် မော်တော်ဆိုင်ကယ်လိုင်စင်ရှိသူ ၁၈၀၀ ကျော်ရှိရာ သက်တမ်းတိုးရန် ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ရာ မဂဏန်းလိုင်စင် နှစ်နှစ်၊ စုံဂဏန်းလိုင်စင် သုံးနှစ်တိုးမည်ဟုသိရသည်။ (၂၂၇)

ကားလင်းချန်ပီယံ မန်ယူ ဝီဂန်ကို ကိုးရက်အတွင်း ထပ်မံအနိုင်ယူ

လန်ဒန် မတ် ၇

အင်္ဂလိပ် ပရီမီယာရှစ် ပွဲစဉ်(၂၈)လက်ကျန်ပွဲအဖြစ် ကားလင်းဖလား ချန်ပီယံ မန်ယူနှင့် ဝီဂန်အသင်းတို့သည် ဝီဂန်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဝီဂန်နောက်တန်း ကစားသမား ပါစကယ်ချင်ဘွန်ဒါက ပွဲပြီးရန်နောက်ဆုံးမိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ မန်ယူအား ရှုံးနိမ့်ခဲ့ရသည်။

ဖလားဆွတ်ခူးနိုင်ခဲ့

လွန်ခဲ့သော ၈ ရက်က ဝီဂန် နှင့် မန်ယူတို့သည် ကားလင်းဖလား ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ကားလင်းဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဂိုးသွင်းယူနိုင်

ပထမပိုင်းတွင် ဝီဂန်က အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ချာနာက ဖွဲ့ဆော်ဦး ဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲချိန်၇၄မိနစ်တွင် ပတ်ဂျီဆန်အစား လူစားဝင်လာသော နစ္စတယ်ရွိုင်းထိုးပေးလိုက်သော ဘောလုံးကို ခရစ္စတီယာနိုရိုနယ်ဒိုက ချေပဂိုး သွင်းပေးနိုင်ခဲ့သည်။

ပြန်လည်ရယူနိုင်

ယင်းနောက် လူးဝစ်ဆာဟာ သွင်းယူသောဂိုးမှာလည်း ဂိုးဘားတန်းထိပြီး ဘောလုံးပြန်ထွက်လာရာ ဝီဂန်နောက်တန်းလူ ချင်ဘွန်ဒါအား ထိမှန်ကာ ဂိုးဝင်သွားခဲ့သည်။ ၎င်းပွဲ မန်ယူတို့ အနိုင်ရသွားသဖြင့် ပရီမီယာရှစ်အမှတ်ပေးဇယား ဒုတိယနေရာတွင် လီဗာပူးကိုကျော်ကာ ပြန်လည်ရယူနိုင်ခဲ့သည်။

နှစ်ကြိမ်ဆုံတွေ့

သို့ရာတွင် မန်ယူနှင့် ဝီဂန်တို့ ယခုနှစ်အတွင်း ယခင် နှစ်ကြိမ် ဆုံတွေ့ခဲ့ရာ မန်ယူက ဝီဂန်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ဖာဂူဆန်၏ ကားလင်းဖလားအသင်းတွင် ပွဲကြည့်ပရိသတ်အဖြစ်သာ အရန်ခုံတွင် ထိုင်နေခဲ့ရသည်။

ကားလင်းဖလား ဂိုးသွင်းရှင် ရိုနယ်ဒိုသည် ပွဲစပြီး ငါးမိနစ်အတွင်းမှာပင် ဝီဂန်ကစားသမား အာဂျင်ဒီဇီယု၏ ကြမ်းတမ်းစွာကစားမှုကြောင့် လဲကျသွားခဲ့သည်။

တည့်တည့်ရောက်

ယင်းကဲ့သို့ ကြမ်းတမ်းစွာ ကစားခဲ့၍ ဒိုင်လူကြီးက အဆိုပါ ဝီဂန်အသင်း ခေါင်းဆောင်အား အဝါကတ်ပြခဲ့သည်။ ဝီဂန်တိုက်စစ်မှူး ရောဘတ်နှင့်ကာမာရာတို့သည် မန်ယူနောက်တန်း ကစားသမားများဖြစ်ကြသည့် ဖာဒီနန်နှင့် ဘရောင်းတို့ကို အလယ်ကြောမှ ထိုးဖောက်ကာ ဂိုးသွင်းခွင့် ဖန်တီးနိုင်ခဲ့ရာ ရောဘတ်ခေါင်းတိုက်ဂိုးမှာ မန်ယူဂိုးသမားဗန်ဒါဆာလက်ထဲသို့ တည့်တည့်ရောက်သွားသည်။

မနားတမ်းဖျက်

မန်ယူကစားသမားဂယ်ရီနဗီးလ်သည်တောင်ပံမှဆွဲပြေးသွားပြီး ရွှန်နေထံသို့ ခေါင်းတိုက်အနေတော် ခုတ်တင် ပေးလိုက်ရာ ဝီဂန်နောက်တန်းလူများ မနားတမ်းဖျက်ထုတ်ခဲ့သဖြင့် ထောင့်ကန်ဘောဖြစ်သွားခဲ့သည်။

ရွှိုင်ယန်ဂစ်သည် ဒီဇီယု၏ ခေါင်းတိုက်ဂိုးကို ဖျက်ထုတ်နိုင်ခဲ့သလို ဗန်ဒါဆာသည်လည်း ရောဘတ်၏ သွင်းဂိုးကို ကာကွယ်လိုက်နိုင်၍ မန်ယူတို့ အရှုံးသက်သာသွားသည်။

(အင်တာနက်)

ဝီဂန်နှင့်မန်ယူတို့ ယှဉ်ပြိုင်ကစားရာတွင် ရွှန်နေ၏ဘောလုံးထိန်းသိမ်းမှုကို ဤသို့ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင်မည် ရီးရဲမက်ဒရစ်ကိုအနိုင်ယူရန် အာဆင်နယ်အိမ်ကွင်းမှကြို

လန်ဒန် မတ် ၇

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ဒုတိယအကျော့ပွဲများကို မတ် ၇ ရက်တွင် စတင်ထားပြီး မတ် ၈ ရက်(ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၈ရက်တွင် ယှဉ်ပြိုင်ကစားမည့်ပွဲများမှာ အေစီမီလန်နှင့်ဘေယန်မြူးနစ်၊ အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်၊ လီဗာပူးနှင့် ဘင်ဖီကာ၊ လီယွန်နှင့် ပီအက်စ်ဗွီအသင်းတို့၏ ယှဉ်ပြိုင်မှုများဖြစ်သည်။

အေစီမီလန်အသင်းသည် ယမန်နှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်အသင်း တစ်သင်းဖြစ်သည်။ အီတလီ အေစီမီလန်အသင်းသည် ၁၉၈၉ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်တို့တွင် နှစ်နှစ် ဆက်တိုက် ချန်ပီယံဖလားကို ပိုင်ဆိုင်ခွင့်ရခဲ့သည့် အသင်းဖြစ်သည်။ ၎င်းအသင်းသည် ယမန်နှစ်က အီတလီ စီးရီးအေ ဒုတိယနေရာကို ရရှိအောင်နိုင်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ဂျာမနီဘေယန်မြူးနစ်အသင်းသည် ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ခုနှစ်များတွင် သုံးနှစ်ဆက်တိုက် အဆိုပါချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ပြီး ၂၀၀၁ ခုနှစ်က နောက်ဆုံးချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးထားသည့်အသင်းဖြစ်သည်။

ထိုးဖောက်ကစား

အာဆင်နယ်နှင့်ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ရာတွင် အွန်နရီ၏ ထိုးဖောက်မှုကို ဤသို့တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခြေရည်တူကစား

အေစီမီလန်နှင့်ဘေယန်မြူးနစ်တို့သည် ချန်ပီယံလိဂ်ဖလားအစဉ်အလာရှိသည့် အသင်းများပီပီနှစ်သင်းစလုံး ခြေရည်တူကစားသည့် အနေအထားရှိသည်။

ပြီးခဲ့သည့် ပထမအကျော့တွင် ဘေယန်မြူးနစ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီသရေကျထားသည်။ ယနေ့ အေစီမီလန်ကွင်းတွင် ဘေယန်မြူးနစ်က သွားရောက် ကစားရမည်ဖြစ်သည်။

တစ်ဖန် အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် အကြိတ်အနယ်ယှဉ်ပြိုင်ကြမည့် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည်။

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ် ဗိုလ်စွဲသည့် မှတ်တမ်း မတင်နိုင်သေးသော်လည်း ပြီးခဲ့သည့်အကျော့တွင် ရီးရဲမက်ဒရစ်အသင်းအား အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

အောင်ပွဲခံအနိုင်ရ

အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းအား အနိုင်ရလိုက်သဖြင့် ယုံကြည်မှုများ အားကောင်းလာကာ ပြည်တွင်းပွဲများယှဉ်ပြိုင်ရာတွင် ဆက်လက် အောင်ပွဲခံအနိုင်ရလျက်ရှိသည်။

နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် အဆိုပါ ဥရောပချန်ပီယံလိဂ်ဖလားကို ၂၀၀၂ခုနှစ်က ဗိုလ်စွဲနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ထို့မှမက လေးကြိမ်တိုင် ဥရောပချန်ပီယံဖြစ်ခဲ့ဖူးသည့်အသင်းလည်းဖြစ်သည်။

အစဉ်အလာကောင်းသော အာဆင်နယ်နှင့်ရီးရဲမက်ဒရစ်အသင်းတို့သည် ယနေ့တွင် အာဆင်နယ်အိမ်ကွင်းတွင် တွေ့ဆုံကြမည်ဖြစ်သည်။ အာဆင်နယ်က လက်ရှိအနိုင်ရထားမှုနှင့် အိမ်ကွင်းအားသာချက်ပေါင်းစပ်လိုက်လျှင် အာဆင်နယ်တို့ ဆက်လက်အောင်ပွဲခံဖွယ်ရှိသည်။

ထိုနေ့တွင် ဥရောပ ချန်ပီယံ လီဗာပူးနှင့် ပေါ်တူဂီအသင်း ဘင်ဖီကာတို့လည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လီဗာပူးအသင်းသည် လက်ရှိချန်ပီယံဖြစ်သကဲ့သို့ ယင်းဖလားကို ငါးကြိမ် ဗိုလ်စွဲခဲ့ဖူးသည့်အသင်းလည်းဖြစ်သည်။ အနီရောင်လီဗာပူးတို့ ယမန်နှစ်က ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်မှုကြောင့် ယခုနှစ် ဘောလုံးရာသီတွင် ပြည်တွင်းပွဲများ၌ ထိပ်တန်းအသင်းများ၏ အဓိကပြိုင်ဘက်အသင်းဖြစ်လာခဲ့သည်။ ဘင်ဖီကာအသင်းသည် ၁၉၆၀ ပြည့်လွန် နှစ်များက အဆိုပါ ဖလားကို နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့သည့်အသင်းဖြစ်သည်။ အစဉ်အလာရှိသော ဘင်ဖီကာအသင်းသည် ပြီးခဲ့သော အကျော့တွင် လီဗာပူးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်းတွင် အနိုင်ရထားသည်။

လက်ခံကစားမည်

ယနေ့တွင် လီဗာပူးက ဘင်ဖီကာအသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားမည်ဖြစ်ရာ လက်ရှိချန်ပီယံ စိတ်ဓာတ်နှင့် ပရိသတ်အား ပေါင်းစပ်လိုက်ပါလျှင် လီဗာပူးက အနိုင်ရသွားနိုင်သည်။

ထိုနေ့တွင်ပင် ပြင်သစ်မှ လီယွန်အသင်းနှင့် ပီအက်စ်ဗွီအသင်းတို့လည်းယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမ အကျော့တွင် လီယွန်က အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ။

စုစည်းတင်ဆက်သူ
သတင်းထောက်မြင့်စိုး

ချန်ပီယံလိဂ် ပထမအကျော့ရလဒ်

အေဂျက်ဇ်	နှစ်ဂိုး	-	အင်တာမီလန်	နှစ်ဂိုး
ချယ်လ်ဆီး	တစ်ဂိုး	-	ဘာစီလိုနာ	နှစ်ဂိုး
ရိန်းဂျား	နှစ်ဂိုး	-	ဗီလာရီးရဲ	နှစ်ဂိုး
ဝါဒါဘရီမင်	သုံးဂိုး	-	ဂျူဗင်းတပ်စ်	နှစ်ဂိုး
ဘေယန်မြူးနစ်	တစ်ဂိုး	-	အေစီမီလန်	တစ်ဂိုး
ဘင်ဖီကာ	တစ်ဂိုး	-	လီဗာပူး	ဂိုးမရှိ
ပီအက်စ်ဗွီ	ဂိုးမရှိ	-	လီယွန်	တစ်ဂိုး
ရီးရဲမက်ဒရစ်	ဂိုးမရှိ	-	အာဆင်နယ်	တစ်ဂိုး။

(အင်တာနက်)

ဗိုဒ်ချန်ပီယံဖလား တိုက်ဂါးဝုဒ်ဗိုလ်စွဲ

ဖလော်ရီဒါ မတ် ၇

ဖို့ဒ်ချန်ပီယံဂေါက်သီးရိုက်အားကစားပြိုင်ပွဲ ဖလော်ရီဒါ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တိုက်ဂါးဝုဒ်က တစ်ချက်အသာဖြင့် ပြိုင်ဘက်များကိုအသာရပြီး ဖလားရရှိသွားသည်။

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ်သည် နောက်ဆုံးနေ့တွင် ကျင်းအမှတ် ၁၇ တွင် အချက်ပိုရိုက်ခဲ့ရသော်လည်း နှစ်ချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

မျှော်လင့်ချက်ပျက်ပြယ်

တိုက်ဂါးဝုဒ်၏ ရိုင်ဒါဖလားအသင်း ကစားဖော်ဒေးဗစ်တွန်က ကျင်းအမှတ် ၁၈တွင် အချက်ပိုရိုက်ခဲ့ရ၍ တိုက်ဂါးဝုဒ်အားအနီးကပ်စိန်ခေါ်မှု မျှော်လင့်ချက် ပျက်ပြယ်သွားရသည်။

တိုက်ဂါးဝုဒ်သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက်အချက် ၂၀ လျော့ရိုက်ကာ အဆိုပါဖလားကို ဒုတိယနှစ်မြောက်အဖြစ် ဗိုလ်စွဲနိုင်ခဲ့သည်။ ယင်းဖလားသည် တိုက်ဂါးဝုဒ်၏ ယူအက်စ်တိုး ပြိုင်ပွဲတစ်လျှောက် ၄၈လုံးမြောက် ဖလား ဖြစ်သည်။ ကိုလံဘီယာမှ ကာမိလိုဗီလီဂတ်ခ်သည် ဒေးဗစ်တွန်နှင့်အတူ ၁၉ ချက်စီ လျော့ရိုက်ကာ ဒုတိယနေရာကို ခွဲဝေယူသွားသည်။

တိုက်ဂါးဝုဒ်သည် ၄၅နှစ်တာကာလအတွင်း အဆိုပါဖလားကို ကာကွယ်နိုင်သည့် ဒုတိယမြောက်ဂေါက်သီးရိုက်ကစားသမားဖြစ်လာသည်။ ၎င်းမတိုင်မီက ၁၉၈၁ ခုနှစ်တွင် အမေရိကန်မှ ရေမွန်းဖလွိုက်က ယင်းဖလားကို နှစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲခဲ့ဖူးသည်။

(အင်တာနက်)



ဖလားနှင့်အတူ

ဖို့ဒ်ချန်ပီယံဖလား ဆွတ်ခူးသွားသော တိုက် ဂါး ဝုဒ် အား ဖလားနှင့်အတူတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် မတ် ၇

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သာသနာတော်ဆိုင်ရာဂုဏဝိသိဋ္ဌပူဇာပွဲ၊ အသက်၈၀နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်များ၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသောသားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၆ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဥ့်ငူရပ်ကွက် တောရတပ်ဦးကျောင်းတိုက်(မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်းဝင်များ၊ ရန်ကုန်ရောက်လေးမျက်နှာမြို့နယ်သားများတက်ရောက်ကြရန်နှင့် ဂုဏဝိသိဋ္ဌပူဇာပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတွင် ပါဝင်လှူဒါန်းလိုသူများ၊ ဂုဏ်ထူးရသားသမီးများအတွက် အမှတ်စာရင်းပေးပို့လိုသူများသည် မတ်၂၀ရက်နောက်ဆုံးထား၍ ဦးဘထွေး ဖုန်း-၆၉၉၀၀၃၊ ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ယောနယ်အသင်း(ရန်ကုန်) ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

ယောနယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ၂၀၀၆ခုနှစ်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း ခံရတော်မူသော ယောနယ်ဒေသမှ ဆရာတော်ကြီး ခြောက်ပါးနှင့်တကွ ယောနယ်ဇာတိဖွားမည်သည့်မြို့နယ်မှဖြစ်စေ ဘွဲ့ခံဆရာတော်များအား ချီးကျူးပူဇော်ပွဲကို မတ်၁၄ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လမ်း၄၀ အမှတ် ၂၀၂ ယောနယ်အသင်းတိုက်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ယောနယ်အသင်းတိုက် ဖုန်း–၃၈၈၂၅၈၊ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း–၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း–၃၈၆၄၄၇နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း–၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(က–ပ)

အထက(၆)ဗိုလ်တထောင် (ယခင်စိန့်ပေါလ်)မှ ၁၉၆၅မှ ၂၀၀၅ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ ဆရာမကြီးများအား အဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ်၂ရက်(တောင်သူလယ်သမားနေ့က) အောင်ဆန်းခန်းမ၌ကျင်းပရာ ကျောင်းသားဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က–ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၇

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ်၁၃ရက်မှ၂၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမည်ပြောင်း

လားရှိုးမြို့ အဖ ဦးသန်းမြင့်၏သမီး မမေကြွင်းအား မခင်စန်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မခင်စန်းဝင်း။

အမည်ပြောင်း

ရမည်းသင်းမြို့နယ် ဦးမြအောင်–ဒေါ်လှဖွေးတို့၏သား မောင်စိန်လွင်အောင် ၉/ရမသ(နိုင်)၁၀၁၄၈၃ ဒဂုံတက္ကသိုလ်(ဒုတိယနှစ်၊ စီးပွားရေး)အား ယနေ့မှစ၍ မောင်ထိုက်အောင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **ထိုက်အောင်ဝင်း။**

ဂုဏ်ထူးဦးသိန်းနိုင်
နွေစာစီစာကုံး သင်တန်းကြီး
ဖုန်း - 01- 375509, 09- 501 2611

B.A(Eng)
SUPER-A-ONE
Interview
Tourism, Hotel, Company, StudentVisa, Grammar
☎ 511231

ENGLISH (U.M.N)
GRAMMAR
Visa Home Interview
For Nurse & Nurse Aid

LCCI MYOB March 11
U THURA SHEIN

Y.E.S. International English Language Centre
ကလေးများအတွက်
Basic Spoken English : Mar - 14, 18, 28
Grammar Foundation Course: Mar - 25, 28
Pre-Intermediate English: Mar - 18, 20, 28
Basic Writing Course (BWC) : Mar - 28
Structure & Written Expression: Mar - 14
iBT TOEFL, IELTS, API (4-Skills), SAT, AWC, IWC, VEC, IE
No. 190, 2nd Flr., 28th St. (Upper Block), Pabedan Tsp ☎ 243950

7DAY NEWS JOURNAL

မြတ်မေတ္တာလက်မှတ်ရ သူနာပြုအကူသင်တန်း
* သူနာပြုအကူ တန်းခွဲသစ်ဖွင့်မည်။
* ဆေးဝါးအခြေခံသင်တန်းဖွင့်မည်။
* စနေ၊ တနင်္ဂနွေတန်းခွဲရှိသည်။
* အမှတ် ၁၄၆၊ ၁၅လမ်း(အထက်)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၁၅၀၆။

မြတ်စေတနာလက်မှတ်ရ သူနာပြုအကူသင်တန်း
* သူနာပြုအကူ တန်းခွဲသစ်ဖွင့်မည်။
* ကျွမ်းကျင်သူနာပြုအကူငှားသည်။
* အမှတ် ၅၄၊ စံရိပ်ငြိမ်(၄)လမ်းထိပ်၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း-၅၀၀၃၂၆။
ပြည်တွင်းပြည်ပ အလုပ်အကိုင် ကူညီသည်။

KMD Computer Centre
ကွန်ပျူတာအခြေခံသင်တန်း
(i-Office)

ဦးကံညွန့်မောင်
အင်္ဂလိပ်စာသင်တန်း
Essay-writing, Letter-writing

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

(1) Accountant **(3) Female**

(2) Marketing Executive **(5) Female**

အမှတ်စဉ် (1) အတွက် LCCI(or) B.Com ဘွဲ့ရဖြစ်ရမည်။ Excel ကျွမ်းကျင်ရမည်။

အမှတ်စဉ် (2)အတွက် အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။ (အလှကုန်ပစ္စည်းများနှင့်ဆိုင်သော PG များလည်း လျှောက်ထားနိုင်ပါသည်။) ကြော်ငြာ၊ ဒီဇိုင်းလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများဖြစ်ရမည်။ ပညာအရည်အချင်းမှာ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးဖြစ်ရမည်။ အသက်(၃၅)နှစ်အောက် သွက်လက်ပြေပြစ်စွာ ပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။ Computer အသုံးပြုတတ်ရမည်။

(လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ **Dragon Group Co.,Ltd.** အမှတ် ၉၁၊ မဟာ့ရာမင်းသားကြီး မောင်ပျိုးလမ်း၊ စက်မှုဇုန်–၂၊ လှိုင်သာယာ၊ ရန်ကုန်မြို့သို့ဖြစ်စေ၊ စာတိုက်သေတ္တာအမှတ် ၁၃၉၈ သို့ဖြစ်စေ ၁၅ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ ခန့်ထားရန်)

လူသုံးကုန်/အလှကုန်ပစ္စည်းရောင်းချရန် အရောင်းမြှင့်တင်ရေး အမျိုးသမီး(၁၀)ဦး၊ အမျိုးသား(၄)ဦး၊ ယာဉ်မောင်း(၁)ဦး အလိုရှိသည်။ ပညာအရည်အချင်း (၈)တန်းအောင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ၊ ကျွမ်းကျင်သူကို ဦးစားပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

မြင့်မြတ်ကြယ်ရောင်းဝယ်ရေးကုမ္ပဏီ **ဖုန်း–၂၄၀၀၃၁၊**

အမှတ်၂၆၈၊ပထပ်(ညာ)၊လမ်း၄၀အထက်၊ကျောက်တံတားမြို့နယ်။

သပိတ်ကျင်းမြို့၌ ကျေးရွာရေပေးရေး အုတ်ရေကန်နှင့်ရေစက်ရုံဖွင့်

သပိတ်ကျင်း ဖေဖော်ဝါရီ ၂၈

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဇရပ်ကွင်းကျေးရွာ ရေပေးရေးလုပ်ငန်း အုတ်ရေကန်နှင့် ရေစက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ အုတ်ရေကန်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ချင်းက လုပ်ငန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွေးနှင့် ကျေးရွာရေပေးရေးကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်းတို့က အုတ်ရေကန်နှင့် ရေစက်ရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရေထိန်းဘားဖွင့်လှစ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ချင်းနှင့် ကျေးရွာရေပေးရေးကော်မတီဝင် ဦးမျိုးတင့်တို့က အုတ်ရေကန် ရေထိန်းဘားကို ဖွင့်လှစ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂ရက်က မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်နှင့် အဖွဲ့ အမှိုက်ကင်းစင်စေရန် အမက (၁၈) ကျောင်းတွင် ကလေးသူငယ်များအား ကျန်းမာရေး ပညာပေးဟောပြောစဉ်။ (၁၆၂)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာ ဝင်းအတွင်း မတ် ၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ ကြက်ဆူပင်များ ပြုစုပျိုးထောင်ခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် ကလေးသူငယ်များ အာဟာရတိုက်ကျွေး

ရေဦး ဖေဖော်ဝါရီ ၂၀

ရေဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီခွဲက အောင်ချမ်းသာရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်အတွင်းရှိ အသက် (သုံး)နှစ်အောက်ကလေးသူငယ်ပေါင်း ၄၀ ကို အာဟာရ တိုက်ကျွေးခြင်းနှင့် (တစ်)နှစ်အောက် ကလေးသူငယ်များအား ပေါင်ချိန်ခြင်း လုပ်ငန်း များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်(သုံး)နှစ်မြောက် အထိမ်းအမှတ် အောင်မြင်ခြင်းအခမ်းအနား ပေါင်းတည်မြို့၌ကျင်းပ

ပေါင်းတည် ဖေဖော်ဝါရီ ၂၄

ပေါင်းတည်မြို့ ဟသ်ာကန်ရပ် ကွက် ဇီးတောကျောင်း ပရိဝုဏ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (သုံး)နှစ်မြောက် အထိမ်းအမှတ်အောင်မြင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ထို့နောက် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်သန်းက စာကြည့်တိုက် (သုံး)နှစ်မြောက် အောင်မြင်မှုကို တင်ပြပြီး အတွင်းရေးမှူး ဦးသန့်ဇင်က လှူဒါန်းထားသည့် အလှူငွေ ၁၅၇၀၄၅ ကျပ်နှင့် စာအုပ်ပေါင်း ၇၄၈ အုပ် စာရင်းတို့ကို တင်ပြကြောင်း သိရသည်။ **(၃၃၁)**

မြင်းခြံမြို့နယ် ကျောင်းကျန်းမာရေး ကော်မတီကကြီးမှူး၍ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် မြို့နယ် ကျောင်းကျန်းမာရေး စံပြကျောင်းဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က မြင်းခြံမြို့ အထက (၁) ရောဝတီခန်းမ၌ ကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စံပြဆုရကျောင်းအုပ် ဆရာ၊ ဆရာမကြီးများအား အထက (၃) ကျောင်းအုပ်ဆရာကြီး ဦးတင်ကိုက ဆုများချီးမြှင့်စဉ်။ (၄၀၂)

မိဘမဲ့ကလေးများ ပညာသင်ကြားရေးငွေလှူဒါန်း

ပင်လယ်ဘူး ဖေဖော်ဝါရီ ၂၈

ပင်လယ်ဘူးမြို့လေးထပ်ကျောင်း မာန်အောင်ပရဟိတလူငယ် ဖွံ့ဖြိုးရေး စခန်းသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မိဘမဲ့ကလေးများ ပညာသင်ကြားရေးအတွက် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က လေးထပ်ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေက အမှာစကားပြောကြားပြီး လှူဒါန်းငွေ ကျပ်ငါးသောင်းနှင့် ဗလာစာအုပ် ၆၄ အုပ်ကို ပရဟိတ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဟန် သို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၂၇၁)**

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကျွန်းသာယာပန်းခြံအတွင်း မြေယာရှုခင်းအလှဆောင်ရွက်မှုကို ဇန်နဝါရီ ၂၆ ရက်က အမှုဆောင်အရာရှိ ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၉-၃-၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (စစ်ကိုင်းခရိုင်မှ မွေးမြူရေးလုပ်ငန်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)လွယ်-မြန်-မှန် စိတ်တွက်သင်္ချာ (သိပ္ပံဒိုးကလေး) (၂)သမီးလေးဖတ်ဖို့-၉(ကောင်းသန့်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (ပြင်ဦးလွင်မြို့က မက်မန်း-၁)

ညနေပိုင်း

၁၆:၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာအစီအစဉ်(အင်္ဂလိပ်စာ)

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတကမ္ဘာ

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (တူယှဉ်လက်တွဲ)

ညောင်တုန်း၌ မိုးကြိုဂုန်လျှော်စိုက်ပျိုးမှု တာဝန်ပေးအပ်

ညောင်တုန်း မတ် ၅

ညောင်တုန်းမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးကြိုဂုန်လျှော် စိုက်ပျိုးထုတ်လုပ်မှု တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၃ရက်က ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်က မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ပျိုး ထုတ်လုပ်ရန် လျာထားသတ်မှတ်ချက်နှင့်အညီ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်ရန်ကိုလည်းကောင်း၊ မြို့နယ်မြန်မာ့ဂုန်လျှော်လုပ်ငန်း မန်နေဂျာ ဦးသာအေးက မိုးကြိုဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု၊ ပံ့ပိုးဆောင်ရွက်ထားရှိမှုနှင့် ဝယ်ယူမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်ဦးက မြေယာအသုံးချမှုနှင့် စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်က ဒိုင်နယ်မြေအလိုက် စိုက်ပျိုးထုတ်လုပ်ရန် လျာထားသတ်မှတ်ထားသော မိုးကြိုဂုန်လျှော်ဧက ၆၉၀၀၊ ချဉ်ပေါင်လျှော်ဧက ၆၀၀ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်လွှာများကို ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(အပေါ်ပုံ)** **(၀၉၈)**

ကျွန်းလှမြို့ သဖန်းဆိပ်လမ်း ကျောက်ချောခင်း

ကျွန်းလှ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဖေဖော်ဝါရီ ၉ ရက်က ကျွန်းလှမြို့နယ်ရှိ အလှူရှင်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကျွန်းလှမြို့ သဖန်းဆိပ်လမ်း ၁၀မိုင် ကျောက်ချော ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကြည့်ရှုစစ်ဆေး

တပ်ကုန်းမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ရေကန်များ၊ ရေငုတ်များနှင့် လျှပ်စစ်မီးကြိုးသွယ်တန်းထားမှုအခြေအနေများကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဒုတိယဦးစီးမှူး(ဈေး)တို့ လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (၂၆၆)

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်ရပ်ကွက် ခမ္မစိန္တာလမ်း အမှတ် (၁၄) နေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းလွင်-ဒေါ်သန်းဝင်း၊သားမောင်သူရလွင်၊ သမီးမချောသီရိလွင်၊ သားမောင်အောင်ခန့်လွင် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရား စေတီရံ၁၀၈ ဆူတို့တွင်တစ်ဆူအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပုသိမ်မြို့နယ်၌ ကျေးလက်တံတားတည်ဆောက်

ပုသိမ် မတ် ၅

ကျေးလက်ဒေသနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက်ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း အသစ်ဖောက်လုပ် ပြီးစီးခဲ့သော တွန်ပလွန်- သ ရက် ကုန်း ကျေးလက်ကျောက်ချော လမ်းပေါ်ရှိ သစ်သား တံတား တည်ဆောက်မှု အခြေအနေကို မတ်၁ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့က လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ဒေါ်သန်းစိန်အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်လမ်း အမှတ်(၇၂၅)နေ ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)-ဒေါ်နီနီခင် မိသားစုက ဥက္ကလာပစေတီတော်၏ စိန်ဖူးတော်တွင် တပ်ဆင်ပူဇော်ရန် ကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ပတ္တမြားနားကပ်တစ်ရံနှင့် နီလာခြယ်နားကပ်တစ်ရံတို့ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သွင်က လက်ခံယူစဉ်။ (က-ပ)

သမဝါယမဈေးရောင်းပွဲ ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမမှ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် လူသုံးကုန် ဈေးရောင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်က ကျောက်ပန်းတောင်းမြို့ အားကစားကွင်းတွင် ကျင်းပသည်။

ကြည့်ရှု

ရေးဦးစွာ ဈေးပွဲတော်မုခ်ဦး၌ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မြင်းခြံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်ဥက္ကဋ္ဌ ဦးရွှေမန်းတို့က ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကုန်ပစ္စည်းအရောင်းဆိုင်များကို လှည့်လည် ကြည့်ရှုကြသည်။

ခင်းကျင်း

အဆိုပါ ရွှေခြင်္သေ့သမဝါယမက ကျင်းပသော ဈေးရောင်းပွဲတော်တွင် အဆင့်မြင့် ကုန်စည်ဆိုင်ပေါင်း ၆၀ ကျော်တို့က ခင်းကျင်း ရောင်းချကြသည်။ **(ဝ၆၁)**

ဟုမ္မလင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး ကိုင်းဖြတ်စိုက်နည်းနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ပုံ ရှင်းလင်း

ဟုမ္မလင်း ဖေဖော်ဝါရီ ၅

ဟုမ္မလင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရုံးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းညွှန့်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ပျိုးထောင်နည်း၊ တိုက်ရိုက်အစေ့ချ စိုက်နည်း၊ အစေ့ကို ပျိုးအိတ်တွင် ထည့်သွင်းစိုက်ပျိုးနည်း၊ ကိုင်းဖြတ်စိုက်ပျိုးနည်းနှင့် အစေ့မှဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်း ဆွေးနွေးကြသည်။

စိုက်ပျိုးမည်

ဟုမ္မလင်းမြို့နယ်တွင် ၂၀၀၆ မှ ၂၀၀၈အထိ သုံးနှစ်အတွင်း ဧက ၄၆၂၀၀စိုက်ပျိုးရန်လျာထားပြီး ၂၀၀၆ ခုနှစ်အတွက် ဧက ၁၅၁၀၀ စိုက်ပျိုးမည်ဖြစ်သည်။

ယခု ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီး၄၆၁ဧကဖြစ်ပြီး၊ ပျိုးထောင်ပြီးအပင် ၈၇၈၃၆နှင့် ကိုင်းပျိုးအပင်ပေါင်း၃၀၀၀ ဖြစ်၍ စုစုပေါင်း ၉၀၈၃၆ ပင်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကမ်းနားလမ်းကို ဖေဖော်ဝါရီ ၁၅ရက်က စက်ယန္တရားဖြင့် မြေညှိလမ်းချဲ့ ဆောင်ရွက်ရာသို့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးရဲလင်းအောင် ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဖျာပုံမြို့ ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ နှစ်ပတ်လည်စည်းဝေး၊ ထာဝရငွေပဒေသာပင်လှူဒါန်း

ဖျာပုံ မတ် ၅

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ တည်ထောင်ခဲ့သော ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ နှစ်ပတ်လည်အစည်းအဝေးနှင့် ထာဝရငွေပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကနိကျေးရွာ အောင်မြေချမ်းသာရမဟာဘုံစံကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ ကနိကျေးရွာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

အခမ်းအနားတွင် ကနိကျေးရွာ သမစိတ္တစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ဖျာပုံမြို့နယ် ကနိကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက မတည်ငွေ ကျပ်ငါးသိန်း အပါအဝင် အလှူရှင် ၁၇ ဦးတို့က စုပေါင်းလှူဒါန်းငွေကျပ် သိန်းငါးဆယ်ကိုလည်းကောင်း၊ ကနိပရဟိတကျောင်းသားဟောင်းများနှင့် စေတနာရှင်များက ပရဟိတ ကလေး ၁၁၀ အတွက် ထာဝရငွေပဒေသာပင်အလှူငွေများ၊ ဝတ်စုံများ၊ ခြုံစောင်များ၊ အိပ်ယာခင်းများကိုလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး စေတနာရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၃၇၉)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်ရေးမှူးကော်မတီ စေတနာသွေးသန့် သွေးလှူရှင်အသင်းမှ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပရာ မိုးကောင်း၊ မြစ်ကြီးနား၊ ဖားကန့်မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ရက်ကန်းသင်တန်းကျောင်းမှ စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (က-ပ)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကမာဝက်-ကမာအုတ် ကျေးရွာချင်းဆက် ဂဝံခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၄ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၆ ခုနှစ် မတ်လ ၃ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေ (သို့မဟုတ်) CIF/ Yangon US$ စနစ်ဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	လမ်းဆေးဆွဲဆေးမှုန့်(သာမိုပလတ်စတစ်ပေါင်ဒါ) (အဖြူ/အဝါ)	၁၅၀ တန်
(ခ)	ဂေါက်ကွင်းသုံးဘာဂီယာဉ်(2 Seater)	၂၀ စီး

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၃-၂၀၀၆ ရက်နေ့(၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ဝိ/- (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ငှားမည်

၁။ ကုန်သည်လမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်၊ အကျယ် ပေ ၃၀X ပေ ၅၀၊ နှစ်ထပ်၊ ရေ၊ မီး၊ ဖုန်း အစုံ။
၂။ ဘုရင့်နောင်၊ ကွန်ဒို၊ မြေညီထပ်၊ ၂၂ ပေX ပေ ၇၀၊ ရေ၊ မီးစုံ။ **ဖုန်း-၀၉ ၅၀ ၁၅၅၀၆။**

တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီး

တောင်ကြီးမြို့၏ ကျက်သရေဆောင်ဖြစ်သော "ရွှေဘုန်းပွင့်ဘုရားကြီး"၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၇ခုနှစ် တပေါင်းလဆန်း (၁၃)ရက်နေ့မှ တပေါင်းလပြည့်ကျော် (၃)ရက်နေ့အထိ (၁၁-၃-၂၀၀၆မှ ၁၆-၃-၂၀၀၆) စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။ ဘုရားပွဲတော်ရက်အတွင်း ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ပူဇော်၍ သံဃာတော် အရှင်မြတ်များကလည်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည် ဖြစ်ပါသည်။

တပေါင်းလပြည့်ကျော် (၃)ရက် (၁၆-၃-၂၀၀၆)ရက်တွင် အလှူဒါန အစုစုတို့အတွက် ရေစက်သွန်းချ ဆုတောင်းမေတ္တာပို့သသည့် အခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို သဒ္ဓါပွားများ၍ လှူဒါန်းပူဇော်ကြပါရန် ရပ်ဝေးရပ်နီး ဓမ္မမိတ်ဆွေအပေါင်းအား အသိပေးကြေညာအပ်ပါသည်။

ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ
တောင်ကြီးမြို့။

ကျေးဇူးတင်လွှာ
မမြသရဖူလှိုင် B.A (Hist)
ရမ်းဗြဲမြို့
အသက်(၂၃)နှစ်

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ဆရာကြီး ဦးစိန်ညို(အင်္ဂလိပ်စာ)-ဒေါ်ဒေါင်းမြရီတို့၏ သမီးကြီးဖြစ်သူ ၂၅-၂-၂၀၀၆ရက်တွင် ကွယ်လွန်သွားသော "မမြသရဖူလှိုင်"အား ရန်ကုန်မြို့ စံပြဆေးရုံကြီး၌ ဆေးကုသမှု ခံယူစဉ်မှစ၍ ရက်လည်ဆွမ်းကျွေးပြီးသည်အထိ အစအဆုံးကူညီ ဆောင်ရွက်ခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)ဂုဏာဝိသိဋ္ဌပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည်အစည်းအဝေးပွဲ

သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်နှင့်စပွါယ်ရုံ ကျောင်းတိုက်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မဏိရတနာကျောင်းတိုက်မှ ဘွဲ့ရဆရာတော် တစ်ပါးတို့အား ဂုဏာဝိသိဋ္ဌပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးအား ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာခန်းမတွင် ၁၁-၃-၂၀၀၆ရက်(စနေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ မြို့နယ်သားအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်အေးရွှေ
(စစ်ကိုင်းတိုင်း၊ ပင်လယ်ဘူးမြို့)
အသက် (၉၀)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့်နို့ထွက် ပစ္စည်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေး-ဒေါ်ညွန့်တင်တို့၏ မိခင်ကြီးဒေါ်အေးရွှေ (စစ်ကိုင်းတိုင်း၊ပင်လယ်ဘူးမြို့)သည် ၁-၃-၂၀၀၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွာသာကြီးအစာစပ်စက်ရုံ၊ စက်ရုံမှူးနှင့်ဝန်ထမ်းများ၊
မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း။



အမည်ပြောင်း

ဦးဝင်းအောင်၏သမီး မမြင့်မြင့်ဝင်းအား မမြင့်မြင့်ဝင်းအောင်ဟုလည်းကောင်း၊ မနွဲ့နွဲ့ဝင်း(ခ)မတူးတူးဝင်းအား မတူးတူးဝင်းအောင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

THREE STAR

Air con, ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Door to Door ဆောင်ရွက်ပေးနေပါသည်။
ဖုန်း- ၇၀၅၇၈၄။

ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၀၆ ရက်နေ့ စာ-၁၇ ပါ ဟောပြောခြင်းဖြင့် ဘဝများနှင့် အဆင့်မြင့်မား အောင်မြင်လိုသူများအစား ဟောပြောခြင်းဖြင့် ဘဝအဆင့်မြင့်မား အောင်မြင်လိုသူများဟု ပြင်ဆင် ဖတ်ရှုပါရန်။

တန့်ယန်းမြို့၌ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

တန့်ယန်း မတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ ကြေးတပ်ဦးကျောင်းတိုက်ဆင်များရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို (မတ်၁၃ရက်) တပေါင်းလပြည့်(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် တပ်ဦးကျောင်းဆရာတော်များနှင့် ဂေါပကအဖွဲ့က ဦးဆောင်၍ တန့်ယန်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆင်များရှင်စေတီကုန်းတော်ပေါ်၌ လောင်းလှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ်နေ မောင်အောင်အောင်ကျော်ဦးအား ရည်စူး၍ ဆေးတက္ကသိုလ် သူငယ်ချင်းများက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းနှင့် တစ်နေ့တာ အာဟာရအတွက် ငွေကျပ်တစ်သောင်းငါးထောင်ကို မတ် ၃ရက်က တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

အမ်းမြို့ မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်

အမ်း ဖေဖော်ဝါရီ ၂၈

အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မင်္ဂလာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းသည် အလျား ပေ ၉၀၀၊ အနံ ၁၄ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၈၂၅၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျော့သောင်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

ကျော့သောင်း ဖေဖော်ဝါရီ ၂၈

ကျော့သောင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ်အတွင်းရှိ စိုက်ခင်းများတွင် ကြက်ဆူပင်ပျိုးထောင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင် ၂၁၀၀ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေဇော်ဦးက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေး ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ၁၄ရက်က ရုံးဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ခြင်းနှင့် ကိုင်းဖြတ် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက်ရေပေးရန် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကလောမြို့ အထက(၁) သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်

ကလော ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ အခြေခံပညာအဆင့်အလိုက် ပညာသင်ယူပြီး မြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက် မွန်းလွဲ ၁နာရီက တေဇခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်က စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ခြင်း လက်မှတ်ကို တစ်ဦးချင်း ချီးမြှင့်ပေးအပ်သည်။

(၄၀၈)

မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်း

ကန့်ဘလူ မတ် ၆

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ထန်းတပင် ဇီးကုန်းမြို့ အနောက်ကျောင်းကြီးတိုက်၏ ပဓာနနာယကဆရာတော်များ ဖြစ်ကြသော ဦးဝိလာသ၊ ဦးပညာဒီပတို့၏ ဩဝါဒကိုခံယူပြီး မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ဓမ္မိကာရာမ ပေါက်တောကျောင်းတိုက်မှ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ စန္ဒဝံသ(ဓမ္မာစရိယ) အရှင်သူမြတ်က မတ် ၂၁ရက်မှ ၃၀ရက်အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် မတ်၂၀ရက် ညနေအရောက် အနောက်ကျောင်းကြီးတိုက်သို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြင်းခြံမြို့၌ သံကူကွန်ကရစ်တံတားဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၈

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ အလှူရှင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်သော အမှတ်(၁၀)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်း တက်ရောက်ချီးမြှင့်ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ (၄၀၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အကြိမ်(၂၀)မြောက် ပြည်တွင်း ပုလဲရောင်းချပွဲ(၂၀၀၆)စတင် ပုလဲအတွဲ ၁၉၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်

အကြိမ် (၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ (၂၀၀၆)တွင် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည်များ ပုလဲအတွဲများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်အတွက် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၇

ပြည်ပမှ ပုလဲများဝင်ရောက်နေရာယူမှုအား ဟန့်တားလျက် မြန်မာ့ပုလဲအနေဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၏ အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ ၂၀၀၆ ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့လမ်း အမှတ် (၉၀) သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ စတင်ရောင်းချသည်။

ချိပ်ပိတ်တင်ဒါစနစ်

အဆိုပါ အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆)သို့ ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည်ပေါင်း ၄၀ ကျော်တို့ တက်ရောက်၍ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်သည်။

အကြိမ်(၂၀)မြောက် ပြည်တွင်း ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းဌာနပိုင် ပုလဲအတွဲပေါင်း ၁၉၀၊ ပုလဲလုံးရေ ၂၀၁၇၄ လုံး အလေးချိန် ၁၁၂၄၉ ဒသမ ၃၀ မိုမီကို မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲတွင် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်များသည် ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပုလဲအတွဲများကို ကြည့်ရှု လေ့လာကြရာ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ အထွေထွေမန်နေဂျာ ဦးစိန်လွင်နှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရောင်းချသွားမည်

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲ ရောင်းချပွဲကို မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းရေး လေးပွင့်ဆိုင်ဘောလုံးပွဲ မတ် ၁၄ မှ ၂၁ ရက်အထိ ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လက်ရွေးစင်ဘောလုံးအသင်းများ ဖွဲ့စည်းလေ့ကျင့်ရေး အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အိုလံပစ်ဟိုတယ်၌ ကျင်းပသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁*

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❒ ငွေကြေးကုန်ကျပြီး ကျန်းမာရေးကို ချို့တဲ့စေသော ကွမ်းစားသည့်အကျင့်ကို ကွမ်းစွဲနေသူများအဖို့ အခါမလင့်ခင် ဆောလျင်စွာ ရပ်စဲသင့်ပြီး အပျော်စားသူများအနေဖြင့်လည်း အန္တရာယ်ကို မျှော်ခေါ် သိမြင်ကာ ဆင်ခြင် သတိချပ်လျက်။

ဒေါက်တာညီညီ၏ဆောင်းပါး (စာ-၁၀)

ကိုရီးယားသရုပ်ဆောင် မင်းသမီးအွန်စော ပထမဆုံးအကြိမ် အာရှမှ ရုပ်ရှင်ပရိသတ်နှင့် မိတ်ဆက်

အင်တာနက် သတင်းနှင့် ဓာတ်ပုံ(စာ-၆)

ချန်ပီယံလိဂ်ဘောလုံးပွဲများ ဆက်လက်ယှဉ်ပြိုင်မည် ရီးရဲမက်အရစ်ကို အနိုင်ယူရန် အာဆင်နယ် အိမ်ကွင်းမှကြို

အင်တာနက် သတင်းနှင့် ဓာတ်ပုံ(စာ-၁၃)

တောင်ငူမြို့၌ ဗုံးထောင်ဖောက်ခွဲခဲ့သည့် ကေအင်န်ယူအကြမ်းဖက်သမားအား နေ့ချင်းဖမ်းဆီးရမိ

ရန်ကုန် မတ် ၇

တောင်ငူမြို့၌ မတ် ၂ ရက်က အမှတ်(၁၉)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ အမှတ်(၂၀)ရပ်ကွက်ရှိ E.P.C ထရန်စဖော်မာရုံအနီး၌လည်းကောင်း ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းကို မတ် ၃ ရက်နေ့ သတင်းစာများတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့၏ ပူးပေါင်းဖော်ထုတ်မှုကြောင့် ဗုံးထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားဖြစ်သူအား ယင်းနေ့ ညနေ ၄ နာရီတွင် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ အကြမ်းဖက်သမားမှာ ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တပ်မဟာ(၅) ဌာနချုပ်မှ တပ်သားအဆင့်ရှိသူ စောဂေသေးမူး(ခေါ်)စောနေလ(ခေါ်)စောဘောရွှေဟဲ (၂၄)နှစ် ဆိုသူဖြစ်ကြောင်းနှင့် ၎င်းနှင့် ဆက်စပ်သတင်းအချက်အလက်များကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**